
# ကိုယ်ပျောက်ကြက်တောင် နှင့်

## ပျော်ရွှင်ဖွယ်ပုံပြင်များ(၇)

ကြပ်ကာလေး



mgyoe.com

mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းတွင် စောင့်ဖတ်ရင်း
ရယ်မောခဲ့ရသော

**ကြွပ်ကလေး ၏ ဟာသပုံပြင်များကို**

တစ်စုတည်း ၁၀ အုပ် စီစဉ်ထုတ်ဝေလိုက်ပါပြီ။

နှာခေါင်းရှည်နတ်ပုလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)
သက်တံ့ရောင်ကျောက်တုံးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)
ဆင့်အချစ်တော်မောင်အောင်ဘော် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)
ဒဂိုးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)
ရွှေ့ရွှေ့သွားသော ကျောက်တုံးကြီး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
ပြောင်းပြန်လက်ရှည်ဝေလေလေ နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
သီချင်းဆိုသောလက်ညှိုးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
ကိုယ်ပျောက်ကြွက်တောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
စိတ်ဆိုးသွားသော နတ်ပြက်ကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ
ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

**စုစုပေါင်း ပုံပြင် ၁၀၆ ပုဒ်တိတိ**

KKL0008
1,000.00 KS

mgyoe.com

mgyoe.com

ကိုယ်ပျောက်ကြက်တောင်နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၇)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၄၂၀၇၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၀၀၁၇၀၄၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း **Mg Mg** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ-၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ တွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ၁၁၃၁

၃၉၈ · ၂

ကြပ်ကလေး

ကိုယ်ပျောက်ကြက်တောင်နှင့်ပျော်ရွှင်ဖွယ်ပုံပြင်များ(၇)/ကြပ်ကလေး။

- ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၀၃ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၃ စင်တီ

(၁)ကိုယ်ပျောက်ကြက်တောင်နှင့်ပျော်ရွှင်ဖွယ်ပုံပြင်များ(၇)

mgyoe.com

mgyoe.com

## မာတိကာ


၁။ ခြေမဲ့လက်မဲ့နားရွက်မဲ့ ၁

၂။ မီးခြစ်ဗူးထဲမှ မိန်းကလေး ၁၈

၃။ လှည့်စားမရပါ ကံကြမ္မာ ၃၇

၄။ တောရဂုံဖြစ်ပုံဆန်း ၅၂

၅။ အလှမယ်နှင့် ခါးကုန်းမောင်မောင် ၆၇

၆။ ပျားရည်ချိုချို ၈၆

၇။ မီးပုံးကလေးနဲ့ အိမ် ၁၀၅

၈။ ဖေဖော်ဂျီနဲ့ ဖိုးကနုတ် ၁၂၃

၉။ ကိုယ်ပျောက်ကြက်တောင် ၁၄၀

၁၀။ ကြယ်ပွင့်ကလျာ ၁၅၉

၁၁။ ကွမ်းလေးယာ စာလေးလုံး ၁၈၁


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ခြေမဲ့လက်မဲ့နားရွက်မဲ့

"မွှားနွေကြီး ဖွတ် . . ဖွတ် . . ဟာလန့်လိုက်တာ၊ လက်စသတ်တော့ မန်ကျည်းငုတ်တိုကိုး"

သူသည် စိတ်ဆိုးသွားကာ ပုဆိုးစကိုဆွဲဖြုတ်၏။ တော်တော်နှင့်ကျွတ်ပါမလာသဖြင့် မန်ကျည်းငုတ်တိုကို ဖနောင့်ဖြင့်ပေါက်သည်။ ထို့နောက်မှ ဆောင့်ဆွဲဖြုတ်ပြီး ထွက်သွား၏။

"အင်း . . သည်အကောင်တော့ ဒါလောက်ဒေါသကြီးတာ မြွေကြီးတွေက ဆုံးမတော့မှာပဲ"

မန်ကျည်းငုတ်တိုက ခပ်တိုးတိုးသည်းပြောသည်။

မကြာမီပင် ဗလွတ်သည်ရှေ့က ကျောက်တုံးတစ်တုံးပေါ်၌ အဘိုးကြီးတစ်ယောက်ထိုင်နေသည်ကို တွေ့ရ၏။ သူသည် ဆံပင်၊ မျက်ခုံး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေပါ ဆွတ်ဆွတ်ဖြူနေသည်။ လက်တံကြီးများကား အလွန်ရှည်၏။ ကျောက်တုံးပေါ်တွင် ဆောင့်ကြောင့်ထိုင်နေရာကပင် လက်တံကြီးများသည် မြေကြီးပေါ်က မြက်တွေကို နုတ်နေနိုင်၏။

ဗလွတ်သည် လက်တံရှည်အဘိုးအိုကြီးကို တစ်ချက်မျှသာ

mgyoe.com

mgyoe.com


ကြည့်ကာ သူ့ဇောနှင့်သူခပ်သုတ်သုတ်ပင်ဖြတ်သွားလေ၏။

"ဟေ့ ဟေ့ကောင် နေစမ်းပါဦး"

အသံထွက်လာသဖြင့် ဗလွတ်သည် လှည့်ကြည့်၏။

"ဩော် .. လူကိုး"

"ဟ .. လူပေါ့ကွ၊ လူမှမင့်အဖေထက်တောင်ကြီးသေးတယ်"

"သိပါဘူး ကျွန်တော်က မျောက်မှတ်လို့"

"မင့်အဖေထက် ကြီးပါတယ်ဆိုတာတောင်မှ မျောက်မှတ်နေတယ်ဆိုရင် မင့်အဖေကကော မျောက်ပဲလားကွ ဟေ"

ဗလွတ်သည် ဒေါသထွက်သွားသဖြင့် မျက်နှာကြီးနီမြန်းသွား၏။

"ကျုပ်အဖေက လူဗျ၊ ခင်ဗျားလို ကျက်သရေမရှိတဲ့ ရုပ်ကြီး မဟုတ်ဘူး။ နေစမ်းဗျာ ကျုပ်အချိန်မရှိလို့ နို့မဟုတ်ရင် နပမ်းကိုင်ပစ်လိုက်လို့ ခင်ဗျားကြီးမျော့မျော့လေး ကျန်နေမှာ"

ဗလွတ်သည် ဆောင့်ဆောင့်နှင့် ခြေသံပြင်းပြင်းနင်းပြီး ထွက်သွား၏။ အဘိုးကြီးသည်တစ်ယောက်တည်း ကျန်ရစ်သောအခါတွင် ရယ်မောမိသည်။

"ဟီဟီ.. ဒီကောင်ကများ ငါ့ကို နပမ်းကိုင်မလို့တဲ့။ တယ်.. ငါက ငါးဖယ်တေ တေပစ်လိုက်ရ သိသိ ညက်ညက်ကြေသွားမယ်။ ဟီဟီ"

များမကြာမီဗလွတ်သည် လိုဏ်ခေါင်းကြီးရှိရာသို့ ရောက်သွားလေ၏။ ပထမအခန်းကိုဝင်လိုက်မိသည်နှင့်တစ်ပြိုင်နက် မြွေကြီးသည် ခေါင်းထောင်ကြည့်၏။ သူ့မျက်နှာမှာ ရှုံ့မဲ့နေသည်။

"ဟေ့ .. ဝင်လာတာဘယ်သူလဲကွ"

mgyoe.com

mgyoe.com


"ဗလွတ်"

"ငါမေးတာမဖြေဘဲနဲ့ ဘာဖြစ်လို့ရေထဲကို ခဲပစ်ချနေရတာလဲ"

"ဖြေနေတာပဲဗျ၊ ကျွန်တော့်နာမည်ဗလွတ်"

"ဟယ် . . မင့်ဟာ လူနာမည်မှ ဟုတ်ရဲ့လားကွ"

"လူနာမည်မို့လို့ ဗလွတ်ဖြစ်နေတာပေါ့၊ ခွေးနာမည်ဆိုရင် အောင်နက်တို့၊ ဂုတ်ကျားတို့ ဖြစ်နေမှာပေါ့၊ ကြောင်နာမည်ဆိုရင်လည်း တိုးရွှေတို့ ပူစီတို့"

"တော်စမ်းပါ ငါ့နာမည်ကော မင်းသိသလား"

"ကြွံကြွံဖန်ဖန် မြွေမှာ နာမည်ရှိပါ့မလား"

"ဟေ့ ငါက ရိုးရိုးမြွေမဟုတ်ဘူးကွ"

"ဒါဖြင့် တိုက်မြွေပေါ့"

"မင်းနဲ့ငါနဲ့ စကားပြောမတည့်ဘူး။ ကဲ . . ငါလိုချင်တာ ပြောမယ်၊ ငါလိုချင်တာရရင် အဆုံးစွန်က အခန်းထဲမှာ ငါပိုင်တဲ့ငွေအိုးကိုယူ"

"ခင်ဗျားက ဘာကိုလိုချင်တာလဲ"

"ငါဝမ်းချုပ်နေတာ တစ်ပတ်ရှိပြီ"

"ဒါဖြင့် မန်ကျည်းမှည့်ကို ဆားကလေးနဲ့တေပြီး စားပါလား"

"ဟေ့ကောင် ငါမြွေကွ၊ ရှုပ်ရှုပ်ယှက်ယှက် မန်ကျည်းသီးတွေ ဘာတွေစားပါ့မလား"

ထိုအခါ ဗလွတ်သည် စိတ်ကူးပေါက်သွား၍ ဂူပြင်ပြန်ထွက်ခဲ့၏။ မနီးမဝေးတွင်တွေ့သော ဖားသေကလေးတစ်ကောင်ထဲသို့ ဝမ်းနုတ်ဆေးများသွင်းကာ မြွေကြီးကိုလာပြန်ကျွေး၏။ မြွေကြီးသည် ဖားကိုမြင်သည်နှင့်တစ်ပြိုင်နက် မျက်နှာပို၍ ရှုံ့သွားလေ၏။
mgyoe.com

mgyoe.com


"တယ် . . ဒီကောင် ငါ့ကို ဖားပုပ်ကြီးလာကျွေး တယ်။ အစာ အဆိပ်ဖြစ်ပြီး မြန်မြန်သေအောင်လုပ်တာ။ ကဲ . . မင်းကို ဆုံးမမှ ဖြစ်တော့မယ်"

မြွေကြီးသည် ပါးစပ်ထဲမှ အခိုးအငွေ့များကို မှုတ်ထုတ်ရာ အခိုးအငွေ့များသည် ဗလွတ်ကိုထိသည်နှင့်တစ်ပြိုင်နက် ဗလွတ် သည် မြေပေါ်သို့ ပက်လက်လန်ကျကာ ဆန့်ဆန့်ကြီးဖြစ်သွားလေ ၏။

ဗလွတ်ထွက်သွားသည်မှာ တစ်ပတ်ခန့်ကြာပြီဖြစ်သဖြင့် သူ့ ညီ ရွှတ်တသည် ဘုရင်ကြီးထံမှ ငွေငါးရာထုတ်ကာ ရိက္ခာပစ္စည်း ဝယ်၍ လိုက်လာခဲ့လေသည်။

များမကြာမီ သူသည်လည်း ပုဆိုးစနှင့် မန်ကျည်းငုတ်တို ငြိမ် ပြန်လေသည်။ ရှေ့သို့ဇောနှင့်သွားနေခြင်းဖြစ်၍ လုံချည်ကတုံ့ သဖြင့် ကော့လန်သွားရသည်။

"ဟယ် . . လက်စသတ်တော့ မန်ကျည်းငုတ်တိုကိုး"

ရွှတ်တသည် ပုဆိုးစကိုအသာ ဆွဲဖြုတ်၏။ ဖြုတ်၍မရ၊ ထို အခါ စိတ်တိုလာသည်။

"အရေးထဲမှာဖြုတ်လို့ကလည်းမရသေးဘူး၊ တယ်ဂွကျပါလား"

သို့သော် သူသည် မန်ကျည်းငုတ်တိုကို ဒုက္ခမပေးဘဲ ထိုင်၍ ဖြုတ်၏။ ဤတွင်မှ ပြုတ်ထွက်လာသည်။

"ဟော့ . . မင်းက ဘယ်သွားမလို့လဲ"

"အလို . . မန်ကျည်းငုတ်တို့ကစကားပြောသလား၊ ကျွန်တော် က မြွေကြီးသုံးကောင်ဆီသွားမလို့"

"ဩော် . . ခြေမဲ့လက်မဲ့နားရွက်မဲ့တို့ဆီသွားမှာကိုး"

mgyoe.com

mgyoe.com


"အဲဒါဘာလဲဗျ"

"မြွေကြီးတွေရဲ့နာမည်လေ၊ တစ်ကောင်က ခြေမဲ့တဲ့၊ တစ်ကောင်က လက်မဲ့၊ နောက်ဆုံးတစ်ကောင်က နားရွက်မဲ့တဲ့၊ ခြေမဲ့က ငွေအိုးပိုင်တယ်၊ လက်မဲ့က ရွှေအိုးပိုင်တယ်၊ နားရွက်မဲ့က ဆေးအိုးပိုင်တယ်"

"ဟုတ်ကဲ့ ကဲ ကျွန်တော်သွားမယ်"

"နေပါဦးကွ၊ ငါ့ကို ရေလောင်းပေးခဲ့ပါ"

"ဟာ .. မအားဘူးဗျာ၊ ပြန်လာမှလောင်းမယ်"

"မင်း ပြန်လာတဲ့အခါ ငါက ရှင်နေဦးမှကိုးကွ"

"မတတ်နိုင်ဘူးဗျာ၊ ကျုပ်အရေးကြီးနေတယ်"

"မင့်အစ်ကိုဗလွတ်တော့ ခြေမဲ့ကိုဖားပုပ်ကျွေးမိလို့ဆန့်နေတယ်"

"အို .. ကျွန်တော်ရောက်ရင် ခြေမဲ့ရော လက်မဲ့ရော နားရွက်မဲ့ကော အားလုံးဆန့်သွားမယ်"

သူထွက်သွားသောအခါ မန်ကျည်းငုတ်တိုက မဲ့၏။

"အေးလေ၊ မြွေတွေက ခွေနေရတော့ ညောင်းလို့ ဆန့်အောင် ဆန့်ချင်ဆန့်မှာပေါ့"

တစ်ဖန်ရွှတ်တသည် လက်တံရှည်အဘိုးအိုနားသို့ ရောက်ပြန်လေ၏။

"ဟေ့ .. ဟေ့ကောင် နေပါဦးကွ"

"ဟာ .. မျောက်ဝံကြီးပါလား"

"လာပြန်ပြီကော နောက်တစ်ကောင်"

ရွှတ်တသည် နောက်သို့လှည့်ကြည့်၏။ လက်တံရှည်အဘိုးကြီးက မျက်နှာရှုံ့သွားသည်။

mgyoe.com

mgyoe.com


"အာ. . . သူ့ပြောလို့လည်း ပြောမှန်းမသိပါလား။ ဟော့ ငါ ထမင်းဆာနေတယ်ကွ။ မင်းမှာ ထမင်းပါရင် ကျွေးခဲ့စမ်းကွာ"

"အသာနေစမ်းပါဗျာ၊ ကျုပ်သွားစရာရှိသေးတယ်"

ရွှတ်တသည် ချက်ချင်းပင် စကားကို ဖြတ်၍ ဖောင့်ဖောင့်နှင့် ထွက်သွားလေ၏။ သူထွက်သွားသောအခါတွင် အဘိုးအိုသည် ရယ်မောမိ၏။

"ဟီဟီ . . . နောက်တစ်ကောင်လည်း စနို့ချင်ဦးတော့မယ်"

မကြာမီ ရွှတ်တသည် မြွေနဂါးကြီးခြေမဲ့ထံသို့ ရောက်ရှိလေ၏။ ခြေမဲ့သည် ဦးခေါင်းကို ထောင်ကြည့်သည်။

"ဟော့ . . ဘယ်သူလဲကွ"

"ရွှတ်တ"

"ဘာတွေကိုရွှတ်ပြီး ဘာတွေတ,နေတာလဲကွ"

"ရွှတ်တဆိုတာ ကျွန်တော့်နာမည်ပါ"

"သြော် . . လူသတ္တဝါတွေဟာ နာမည်တွေကို ရွေးတဲ့နေရာမှာ တော်တော်လည်း ဦးနှောက်အပင်ပန်းခံပါကလားနော်။ ဒါထက် ငါ့နာမည်က ဘာလဲကွ"

"ခြေမရှိလေ"

"ခြေမဲ့ပါကွ၊ မင်းက ငွေအိုးနဲ့တော့နီးစပ်တယ်။ ဟော့ . . ငါ ဝမ်းချုပ်လို့ ဒုက္ခရောက်နေတယ်"

ထိုအခါ ရွှတ်တသည် ဂူပြင်သို့ထွက်၍ ဖားကလေးတစ်ကောင်ကို သတ်ကာ ဝမ်းနုတ်ဆေးထည့်၍ ကျွေး၏။ ခြေမဲ့သည် ဖားလတ်လတ်ဆတ်ဆတ်ကို စားရသော် ရွှတ်တကို အတွင်းခန်းသို့ လွှတ်လိုက်၏။

mgyoe.com

mgyoe.com


ရွှတ်တသည် အတွင်းခန်းတွင် နောက်မြွေကြီးတစ်ကောင်ကို တွေ့ရပြန်၏။

"ဟော့ . . ဘယ်သူလဲကွဟေ"

"ဘယ်သူမှလဲ လဲမလဲဘူး။ ကွလဲမကွဘူး"

"လုပ်လိုက်ကွ မင်းနာမည်ကို မေးတာ"

"ရွှတ်တ"

"အသုံးမကျတဲ့နာမည်ပဲ။ ကဲ . . ငါခိုင်းတာ လုပ်စမ်းကွာ၊ အဆုံးစွန်အခန်းက ရွှေအိုးရမယ်"

"ဘာလုပ်ပေးရမလဲ"

"ငါ ညောင်းလွန်းလို့ အညောင်းပြေအောင်လုပ်စမ်း"

ထိုအခါ ရွှတ်တသည် ပါလာသော တုတ်တို့ဖြင့် မြွေကြီးတစ်ကိုယ်လုံးကို လျှောက်ရိုက်၏။ ကြုံတုန်းကြုံခိုက် အသေသတ်လိုက်နိုင်လျှင်လည်း ကောင်းမည်ဟုကြံကာ နင်းကန်ရိုက်လေရာ မြွေကြီးသည် စိတ်ဆိုး၍ အငွေ့များဖြင့်မှုတ်လေ၏။

အငွေ့များသည် ရွှတ်တကို ထိသည်နှင့် တစ်ပြိုင်နက်ရွှတ်တသည် မြေပေါ်သို့ ပက်လက်လဲကျ၍ ဆန့်နေလေတော့သည်။

ရွှတ်တထွက်သွား၍ တစ်ပတ်ခန့်ကြာသောအခါတွင် ပိန်းတုံးသည် လိုက်လာပြန်လေ၏။ နောက်ဆုံးတွင် သူသည်လည်း မန်ကျည်းငုတ်တိုနှင့် ပုဆိုးစငြိပြန်လေသည်။

"ဟဲ့ . . ဘယ်သူက နောက်ကဆွဲထားရတာတုန်း"

ပြောပြောဆိုဆိုနှင့်လှည့်ကြည့်ရာ မန်ကျည်းငုတ်တိုကိုတွေ့ရလေ၏။ သို့ဖြင့် သူသည် ဒူးထောက်ထိုင်ကာ အသာအယာဆွဲဖြုတ်၏။

mgyoe.com

"ဟော့ . . ငါ့ကို ရေလောင်းပေးစမ်းပါ"

"ဟာ. . . ကျုပ်သွားစရာရှိသေးတယ်ဗျ"

"ငါသိပါတယ် . . ခြေမဲ့ လက်မဲ့ နားရွက်မဲ့တို့ဆီသွားမလို့ မဟုတ်လား၊ ငွေအိုး၊ ရွှေအိုးနဲ့ ဆေးအိုးတွေကိုစောင့်တဲ့ ကောင်ကြီးတွေလေ၊ မင်းသူတို့ဆီမရောက်ခင် လက်တန်ရှည်အဖိုးအိုနဲ့ တွေ့မယ်"

"ဟုတ်ကဲ့ . . အခုလိုပြောတာ ကျေးဇူးတင်ပါတယ်"

"အေး. . တွေ့ရင် သူခိုင်းတာတွေလုပ်ပေး၊ သူက မြွေကြီးတွေရဲ့အဖေကွ။ ဒါထက် ငါ့ကို ရေလောင်းပေးခဲ့စမ်းကွာ"

"ကြာနေမယ်ဗျာ ပြန်မှလောင်းမယ်"

"မင်းက ပြန်နိုင်ဦးမှကိုးကွ။ ဗလွတ်က ခြေမဲ့ကို ဖားပုပ်ကျွေးမိလို့ ဆန့်နေပြီ။ ရွှတ်တက လက်မဲ့ကို တုတ်နဲ့ရိုက်အညောင်းဖြေမိလို့ ဆန့်နေပြီ။ မင်းလည်း ဆန့်နေမှာပဲ"

"ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့ဗျာ။ ကျုပ်က အကြောတက်တတ်လို့ အကြောဖြေဆေးပါတယ်ဗျ။ ကဲ. . သွားမယ်"

"အေးပေါ့လေ . . ဒီကောင်လည်းဆန့်မှာပဲ။ ငါတို့တော့ ဝင်မကျွတ်သေးပါဘူး"

ပိန်းတုံးသည် ခပ်သုတ်သုတ်ထွက်သွားသည်ဖြစ်သောကြောင့် မန်ကျည်းငုတ်တို့၏ ညည်းညူသံကို ကြားမသွားရချေ။

"ဟော့. . ဟော့ကောင်၊ နေစမ်းပါဦးကွ"

ပိန်းတုံးသည် အသံလာရာသို့ လှည့်ကြည့်၏။ ကျောက်တုံးဘေးတွင် လက်တံရှည်အဘိုးအိုသည် ထိုင်နေ၏။

"ကျွန်တော့်ကို ခေါ်သလား"

mgyoe.com

mgyoe.com


"အေး . . ဒီမှာ မင်းပဲရှိတာ၊ မင်းကိုမခေါ်လို့ မင်းကြီးတော်ကြီးကိုခေါ်ရမှာလားကွ၊ ကဲ . . . ငါထမင်းစားချင်တယ်။ ထမင်းပါရင် ကျွေးခဲ့စမ်း"

အဘိုးကြီးက လေသံမာမာနှင့်ပြောသဖြင့် ပိန်းတုံးသည် မခံချင်စိတ်ဖြစ်ပေါ်လာမိ၏။ ပါလာသော ထမင်းထုပ်ကို ပစ်ချပေးကာ ခရီးဆက်မည်ပြု၏။

"ဟော့ . . အောင်မာ၊ ငါစားပြီးအောင်စောင့်ဦး၊ လက်ဆေးဖို့ရယ်၊ ငါသောက်ဖို့ရယ် ရေခပ်ပေးရဦးမယ်"

"ချစ်တရီး အချိန်မရှိဘူးဗျ"

ပြောပြောဆိုဆိုနှင့် ပိန်းတုံးသည် ထွက်သွားလေ၏။

"ဟီဟီ . . ဒီကောင်လည်း အမှတ်ခံရဦးတော့မယ် ဟီဟီ"

လက်တံရှည်အဘိုးအိုသည် တစ်ယောက်တည်း ရယ်မော၍ကျန်ခဲ့လေ၏။

မကြာမီပင် ခြေမဲ့သည် ခေါင်းထောင်ကြည့်၏။

"ဘယ်သူလဲကွ . . ."

"ပိန်းတုံးပါ"

"ဘာတွေပိန်းလို့ ဘာတွေတုန်း ကုန်သလဲမသိဘူး။ ရှေ့က ကောင်တွေတော့ အဆုံးစွန်အခန်းမရောက်လို့ ဘာမှမရဘူး။ မင်းက ပိန်းတုံးဆိုတော့ ပိုဆိုးမှာပေါ့၊ ကဲ . . ငါ ဝမ်းချုပ်နေပြန်ပြီ"

ထိုအခါ ပိန်းတုံးသည် ဖားအရှင်ကလေးကို ဖမ်း၍သတ်ကာ ဝမ်းနုတ်ဆေးထည့်၍ပေး၏။

"အလို . . . ငါထင်သလောက်မပိန်းမတုံးပါလား။ ဒါပေမဲ့ သူတစ်ပါးအသက်ကို သတ်တတ်တော့ မင်းအသက်ကလည်း ဘေး

mgyoe.com

မကောင်းတတ်ဘူးပေါ့လေ။ကဲ . . . ဝင်သွား၊ တကယ်လို့ အဆုံးစွန် အခန်းရောက်ပြီးပြန်ထွက်နိုင်ရင်တော့ ငွေအိုးကို မင်းယူတော့ပေါ့ကွာ"

ပိန်းတုံးသည် ဆက်၍ဝင်ခဲ့၏။ လက်မဲ့နှင့်တွေ့ပြန်၏။

"လာပြန်ပြီလား တစ်ယောက်"

"ကျွန်တော်က ပိန်းတုံးပါ"

"ပိန်းတုံးမကလို့ ကျွန်းတုံးကြီးပဲဖြစ်ဖြစ်၊ ငါက ဂရုမစိုက်ပါဘူးကွ။ လောလောဆယ်ဆယ်တော့ ငါအကြောတက်နေလို့ အကြောဖြေပေးစမ်းကွာ"

ပိန်းတုံးသည် အသင့်ပါလာသော အကြောဖြေဆေးကို လိမ်းပေးရာ လက်မဲ့သည် ကျေနပ်သွား၍ ဆက်ဝင်ခွင့်ပေး၏။

သို့ဖြင့် ပိန်းတုံးသည် နားရွက်မဲ့အမည်ရှိသော မြွေနဂါးကြီး၏အခန်းသို့ရောက်လာလေတော့သည်။

"ဘယ်သူလဲကွ"

"ပိန်းတုံး"

"ငါက နာမည်ကိုမေးတာ"

"ကျွန်တော်ကလည်း နာမည်ကိုပဲ ပြောနေတာပဲ"

"လူနာမည်ကို မေးတာ၊ သစ်ပင်ဆေးပင်တွေနာမည်ကို မေးတာမဟုတ်ဘူးကွ"

"သြော် . . . ဟုတ်ပါတယ်လေ။ ကျွန်တော့်နာမည်က ပိန်းတုံးပါ"

"ဟယ် . . . ဒီကောင်ဆန်းဗေဒင်နဲ့ မှည့်ထားပြီထင်တယ်။ ကဲကွာ ငါ့အလိုဖြည့်စမ်းပါ"

mgyoe.com

mgyoe.com


"ခင်ဗျားက ဘာလိုချင်လို့တုန်း"

"ငါ မိန်းမလိုချင်တယ်"

"မြွေက လူကိုယူလို့ ဖြစ်ပါ့မလား"

"ဟ . . မြွေမကိုပဲ လိုချင်တာကွ"

"ဒုက္ခပါပဲ။ ကျွန်တော် မြွေမဖမ်းရဲဘူးဗျ"

"လွယ်ပါတယ်ကွာ။ ဟော့ . . ခြေမဲ့၊ လက်မဲ့၊ နားရွက်မဲ့ အာဏာ၊ လာသာလာခဲ့၊ အကျိုးမမဲ့ဘူးလို့ သုံးခါရွတ်ပြီး ဖမ်းသာလာခဲ့"

ပိန်းတုံးလည်း ဂူပြင်သို့ ပြန်ထွက်၍တွေ့ရာ မြွေတစ်ကောင်ကို ဖမ်းလာခဲ့လေတော့သည်။ နားရွက်မဲ့ထံပြန်ရောက်သောအခါတွင် ဖမ်းယူလာသည့် မြွေကြီးကို ပစ်ချ၍ ပေးလိုက်လေ၏။

"ဟယ်. . လုပ်လိုက်ကွ၊ ဒီကျတော့မှပဲ နလပိန်းတုံးကို ပီသပါပေတယ်။ တစ်ခါတည်း ဇာတိရုပ်ကို ပေါ်လာတာပဲ။ နင်ဖမ်းလာတာ မြွေထီးကြီးကွ မြွေထီးကြီး"

"ဟယ် . . မှတ်ကရော"

ပိန်းတုံးသည် ပြန်လှည့်ပြေးမည်ပြု၏။ သို့သော် နားရွက်မဲ့က အခိုးအငွေ့များကို လျှင်မြန်စွာ မှုတ်ထုတ်လိုက်လေရာ ချက်ချင်းလိုလိုပင် ပိန်းတုံးသည် မြေပေါ်သို့ ပက်လက်လဲကျ၍ ဆန့်နေလေတော့သည်။

ပိန်းတုံးထွက်ခွာသွားသည်မှာ တစ်ပတ်ကြာခဲ့ပြီဖြစ်သောကြောင့် ဖိုးသက်ရှည်သည် မိခင်ကို ကန်တော့၍ မယ်လှမိကို နှုတ်ဆက်ကာ ဘုရင်ကြီးထံမှ ထောက်ပံ့ငွေ ငါးရာကိုယူ၍ ခရီးထွက်လာခဲ့ရလေ၏။

ဖိုးသက်ရှည်သည်လည်း ဗလွတ်တို့ ညီအစ်ကိုနည်းတူပင် ပုဆိုး

mgyoe.com

mgyoe.com


စနှင့် မန်ကျည်းငုတ်တိုတို့ငြိမ်ပြန်လေ၏။ သို့သော် ဖိုးသက်ရှည်သည် စိတ်တိုသူမဟုတ်သဖြင့် အသာပြန်လှည့်၍ထိုင်၏။

"ကျွန်တော်သွားစရာရှိနေလို့ပါ မန်ကျည်းငုတ်တိုရယ် ဆွဲမထားပါနဲ့"

ထိုသို့ပြောလိုက်သောအခါ ပုဆိုးစမှာ အလိုလိုပြုတ်သွားလေသည်။

"မင်းတော်တော်နိုးစပ်တယ်ကွ။ စိတ်ကောင်းရှိတယ်။ လူကြီးမိဘကို ရိုသေတယ်။ ငါးပါးသီလမြဲတယ်။ ကဲ. . ဒါထက် ငါ့ကို ရေလောင်းပေးစမ်းကွာ"

ဖိုးသက်ရှည်သည် မနီးမဝေးက စမ်းချောင်းကလေးထံသွား၍ ဝါးကျည်ထောက်ဖြင့် ရေသယ်ကာ လောင်းပေး၏။

"နောက်ထပ်လောင်းပေးရဦးမလား"

"ကျေနပ်ပါပြီကွာ၊ ရှေ့က သုံးကောင်တော့ ဆန့်နေကြပြီ။ မင်းကတော့ ဆန့်မယ်မထင်ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ သတိထားနော်။ ရှေ့ဆက်သွားရင် လက်တံရှည် အဘိုးအိုနဲ့တွေ့လိမ့်မယ်။ သူခိုင်းတာလုပ်ကွ။ သူက ခြေမဲ့ လက်မဲ့နားရွက်မဲ့တို့ရဲ့အဖေလေ။ အေးလေ ငါမပြောလည်း မင်းကလုပ်တော့မှာပါ။ မင်းက စိတ်ကောင်းရှိတာကိုး"

"ဟုတ်ကဲ့ . . ခုလို ကျွန်တော့်အပေါ်မှာ စေတနာထားသော ကျေးဇူးတင်ပါတယ်။ ကျွန်တော်သွားလိုက်ပါဦးမယ်။ ပြန်လာတော့ ရေထပ်လောင်းပေးပါဦးမယ်"

"မင်း ပြန်လာနိုင်ရင် ငါ့ကိုတွေ့တော့မှာမဟုတ်ပါဘူး။ ငါက လက်တံရှည်အဘိုးအိုရဲ့ အဖေကွ။ လိုဏ်ဂူကြီးထဲက အိုးတွေမရှိ

mgyoe.com

mgyoe.com


ရင် ငါတို့အားလုံးဝင်ရုံကျွတ်ပြီကွ”

ဖိုးသက်ရှည်သည် ခရီးဆက်ခဲ့သည်။ မန်ကျည်းငုတ်တိုကား မျက်နှာကြီးရှွင်နေသလို အခေါက်များနေရာရွှေ့ကာ ရယ်မောနေရစ်ခဲ့၏။

မကြာမီပင် ဖိုးသက်ရှည်သည် လက်တံရှည်အဘိုးအိုနားသို့ ရောက်လာလေတော့သည်။

“ဟော့ ဟော့ကောင်၊ နေပါဦးကွ”

ဖိုးသက်ရှည်သည် ချာခနဲ လှည့်ကြည့်သည်။

“ဟင် .. အဘိုး၊ ကျွန်တော့်ကို ခေါ်သလား”

“ဟေ့ .. မင့်ကိုမခေါ်လို့ မင်းကြီးတော်ကို ခေါ်ရမလားကွ”

“အဘိုး .. ဘာလိုချင်သလဲ အမိန့်ရှိပါ။ ကျွန်တော်ကူညီဖို့ အသင့်ပါပဲ”

“အလဲကွဲ့ ပါးစပ်ကတော့ တယ်ချိုတယ်၊ လက်ကပါချိုသလား သိရအောင် မင်းမှာ ထမင်းပါရင် ကျွေးခဲ့စမ်း”

ဖိုးသက်ရှည်သည် စိတ်ရှည်စွာပင် အဘိုးအိုကို ထမင်းပြင်၍ ကျွေး၏။

“ကျွန်တော် ခရီးဆက်နိုင်ပါပြီလားခင်ဗျာ”

“ဘယ်ဖြစ်မလဲကွ .. စောင့်ဦး၊ ငါ ထမင်းစားပြီးရင် ရေခပ်ပေးခဲ့ရဦးမယ်”

ဖိုးသက်ရှည်သည်ထိုင်၍ စောင့်၏။ သူစားမည့် ထမင်းကို ကျွေးလိုက်ရသည်ဖြစ်သောကြောင့် အတော်ပင်ဆာလောင်နေသည်။ သို့သော် အဘိုးအိုစားပြီးသောအခါတွင်ကား သူ့ဝမ်းသည် အလိုလိုပြည့်၍ အားသစ်များဖြင့် လန်းဆန်းလာ၏။

mgyoe.com

mgyoe.com


သူသည် အဘိုးအိုအတွက် ရေများခပ်ပေးသည်။

"ဟေ့ . . ငါက ထမင်းကို အလကားမစားပါဘူးကွ၊ အဖိုးအခ ပေးပါ့မယ်။ ရော့ . . ဒီရွှံ့ခြောက်အလုံး သုံးလုံးကိုယူသွား။ မြွေနဂါး သုံးကောင်နဲ့ တွေ့ရင်အသုံးကျလိမ့်မယ်"

လက်တံရှည်အဘိုးအိုသည် ကွမ်းသီးလုံးခန့်ရှိသော ရွှံ့ခြောက်လုံး သုံးလုံးကိုပေးလိုက်သဖြင့် ဖိုးသက်ရှည်က ကျေးဇူးတင်စွာ ယူဆောင်လာလေ၏။ အဘိုးအိုကား ကခုန်၍ ကျန်ခဲ့တော့သည်။

သူသည် မကြာမီပင် ခြေမဲ့နှင့်ရင်ဆိုင်ရတော့သည်။

"ဟေ့ . . ဘယ်သူတုံးကွ"

"ကျွန်တော် ဖိုးသက်ရှည်ပါ"

"နာမည်ကြားရတာ စိတ်ချမ်းသာတယ်ကွာ။ ငါဝမ်းချုပ်ပြန်ပြီ ကွ။ အရင်ဝမ်းနုတ်ဆေးတွေက ကြာရှည်မခံပါဘူး။ ငါ့ကို ကယ်ပါ ဦး"

ထိုအခါတွင် ဖိုးသက်ရှည်၏လက်ထဲမှ ရွှံ့လုံးတစ်လုံးသည် ခုန် ၍ဆင်းသွား၏။ ခြေမဲ့က ကောက်၍ဟပ်လိုက်ပြီး ဖိုးသက်ရှည်ကို နောက်အခန်းသို့ ဝင်ခွင့်ပေးသည်။

"လာပြန်ပြီလား တစ်ယောက်"

"ကျွန်တော်က ဖိုးသက်ရှည်ပါ"

"အေး . . ငါက လက်မဲ့ကွ။ အတော်ပဲ ငါညောင်းညာနေသကွ"

ထိုအခါတွင် ဖိုးသက်ရှည်ထံမှ နောက်ရွှံ့လုံးတစ်လုံးခုန်ဆင်း သွားပြန်ကာ၊ လက်မဲ့၏ကိုယ်ပေါ်တွင် လူးလာခေါက်တုံ့လိမ့်နေလေ ၏။

"ဟာ ဟန်သဟေ့၊ တယ်အညောင်းပြေတာပဲ ကဲ . . အထဲခန်း

mgyoe.com

mgyoe.com


ကိုကြွပေတော့"

ဖိုးသက်ရှည်သည် နောက်ဆုံး အခန်းသို့ဝင်ရောက်ခဲ့သည်။

"ဘယ်သူလဲကွ"

"ကျွန်တော် ဖိုးသက်ရှည်ပါခင်ဗျာ"

"အေး . . အသက်ရှည်ဦးမှာပဲ။ ငါက နားရွက်မဲ့ကွ၊ ငါ့မှာ နားရွက်မှ မရှိတာကိုး။ ဒါထက် ငါမိန်းမလိုချင်တယ်ကွာ"

နားရွက်မဲ့က ဤသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ဖိုးသက်ရှည်၏ လက်ထဲမှနောက်ဆုံးရွှံ့လုံးသည် ခုန်ဆင်းလိုက်လေ၏။ ထိုရွှံ့လုံးသည် မြေကြီးနှင့် ထိတွေ့လိုက်သည်နှင့်တစ်ပြိုင်နက် မြွေတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားလေ၏။ နားရွက်မဲ့သည်လည်း သိသိသာသာပင် ရှင်မြူးသွားတော့သည်။

"ဟာ . . နိပ်သကွ။ တကယ်ချော။ တကယ်လှ . . မြွေမကလေး လှကေရိပါကလား . . ဟားဟား။ ကဲ အိုးသုံးလုံးစလုံး မောင်ရင်ယူသွားပေတော့"

ဖိုးသက်ရှည်သည် အိုးများကိုကောက်ယူလိုက်၏။ အိုးငယ်ကလေးများ သုံးလုံးစလုံး သူ့လက်ထဲရောက်သည်နှင့် တစ်ပြိုင်နက် သာယာသောတေးသံများ ထွက်ပေါ်လာကြကာ ဖြူနီဝါပြာအရောင်စုံ အခိုးအငွေ့များသည် လိုဏ်ခေါင်းထဲတွင် ညင်သာစွာ ရွေ့လျားပေါ်ထွက်လာကြ၏။ ခဏအကြာတွင် တေးသံများနှင့်အတူ လှပသောရောင်စုံ အခိုးအငွေ့များ ပျောက်ကွယ်သွားကြသည်နှင့်တစ်ချိန်တည်းပင် ဗလွတ်၊ ရွတ်တနှင့် ပိန်းတုံးတို့လည်း သတိရကာ ထလာကြတော့သည်။

ခြေမဲ့ လက်မဲ့နှင့်နားရွက်မဲ့တို့ကိုကား လုံးဝမတွေ့ရတော့ချေ။

mgyoe.com

mgyoe.com


ရွှံ့ခြောက်အလုံးကလေးများလည်း မရှိတော့ပါ။

သူတို့လေးယောက်သား ပြန်လာခဲ့ကြသောအခါ လမ်းတွင် လက်တံရှည်အဖိုးအိုသည်လည်းကောင်း၊ မန်ကျည်းငုတ်တိုသည် လည်းကောင်း လုံးဝမရှိကြတော့ချေ။ သူတို့၏ နေရာတွင် သစ်သား မှတ်တိုင်ပေါ်တွင် 'ကျေးဇူးတင်ပါသည်'ဟူသော စာတန်းကလေး များကိုတွေ့ကြရသည်။

ရှင်ဘုရင်ကြီးကား ဆေးရရှိသဖြင့် ဝမ်းသာစွာပင် မိဖုရားကြီး ကို တိုက်ကျွေးရာ မိဖုရားကြီးသည် ချက်ချင်းပင် ဝေဒနာပျောက် ကင်းသွားလေတော့၏။ ရှင်ဘုရင်ကြီးကား အလွန်ပင် ဝမ်းမြောက် ရွှင်လန်းကာ သူ့ကတိအတိုင်းပင် ဖိုးသက်ရှည်ကို အိမ်ရှေ့မင်းသား ရာထူးကို ပေးသနားတော်မူလေသည်။

ဖိုးသက်ရှည်ကား လိုဏ်ခေါင်းကြီးထဲမှ ရခဲ့သည့်ငွေအိုးနှင့် ရွှေအိုးတို့ကို ဗလွတ်ရွတ်တနှင့် ပိန်းတုံးတို့ညီအစ်ကိုသုံးယောက် အား စေတနာဖြူစင်စွာဖြင့် ပေး၏။


ညီအစ်ကိုသုံးယောက်လည်း အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသဖြင့် ဖိုးသက်ရှည်အား သူတို့၏ညီမဖြစ်သူ မယ်လှမိနှင့် လက်ထပ်ထိမ်းမြားပေးလေတော့၏။ မြို့သူမြို့သားများမှာလည်း သူတို့ခင်မင်သော ဖိုးသက်ရှည်တစ်ယောက်ကောင်းစားသဖြင့် ဝမ်း သာမဆုံး တပြုံးပြုံးနှင့် ကျေနပ်နေကြတော့သည်။

ဖိုးသက်ရှည်ကား ခြေမဲ့ လက်မဲ့၊ နားရွက်မဲ့တို့ကိုသာမက လက် တံရှည်အဘိုးအိုနှင့် မန်ကျည်းငုတ်တိုတို့ကိုပါ မမေ့နိုင်ဘဲ ကောင်း မှုကုသိုလ်ပြုတိုင်း အမျှပေးဝေလျက်ရှိပေတော့သည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## မီးခြစ်ဗူးထဲမှ မိန်းကလေး

မောင်ဖြူစင်သည် အသက်နှစ်ဆယ်ကျော်ခဲ့ပြီ။ သို့သော် အလွန်ရိုးသား၏။ သူနေသော ရွာမှထွက်၍ ဝေးဝေးလံလံသွားတတ်ခြင်းမရှိပါ။

ထို့ကြောင့် မိခင်က ရွာတစ်ရွာသို့ အကြွေးတောင်းခိုင်းလိုက်သောအခါတွင် တောကြီးထဲ၌ မျက်စိလည်လမ်းမှားနေခြင်းဖြစ်ပါ၏။

သွားသည်၊ လှမ်းသည်၊ လျှောက်သည်။ သို့သော် တောကိုသာ နှံ့နေ၏။ တောပြင်သို့ထွက်ရန်လမ်းကို သူမတွေ့ချေ။

ညနေလည်း စောင်းလာခဲ့ပေပြီ။ ဤတောကြီးထဲတွင် သူသည် ညဥ့်အိပ်ရတော့မည်။ သူသည် တွေးရင်းစိတ်ပူပန်လာ၏။

တောသည် အန္တရာယ်များသည်။ ကျား၊ ဆင်၊ ကျားသစ်စသော သားရဲတိရစ္ဆာန်များရှိ၏။ မြွေ၊ ကင်းစသော အဆိပ်ရှိ သတ္တဝါများလည်းရှိ၏။ တစ်ဖန် လူကို မသေစေနိုင်သော် ငြားလည်း ဒုက္ခများစွာ ပေးနိုင်သည့် မှက်၊ ခြင်စသော ပိုးမွှားတွေကလည်း ရှိသေး၏။ ထို့ကြောင့် မောင်ဖြူစင်သည် တောကြီးမျက်မည်းထဲတွင် အိပ်ရ

mgyoe.com

mgyoe.com


မည့်အရေးအတွက် စိတ်ပူပန်လာရ၏။

သို့သော် ကံကောင်းထောက်မ၍ တောကြီးတစ်နေရာတွင် အုတ်တိုက်ကြီးတစ်ဆောင်၏ ထိပ်ပိုင်းကို မြင်ရ၏။ သို့ဖြင့် သူသည် စိတ်အားတက်ကြွသွားကာ ခြေလှမ်းများလည်း သွက်လာခဲ့ကြ၏။

အနီးသို့ ရောက်သောအခါတွင် တိုက်ကြီးမှာ လုံးလုံးရှည်ရှည် ကြီးဖြစ်၍ ဝင်ပေါက်တစ်ပေါက်တည်းရှိသည်ကို တွေ့ရတော့သည်။ ပြတင်းပေါက်စသည့် အပေါက်များမရှိသဖြင့် ခေါင်းတိုင်ကြီးနှင့် ပင် တူနေသေးတော့သည်။

တစ်ခုတည်းသော ဝင်ပေါက်တွင်လည်း သစ်သားတံခါးကြီး ပိတ်ထားသည်ကို တွေ့ရ၏။ တံခါးပေါ်တွင် စာဆွဲထားသဖြင့် မောင်ဖြူစင်က ဖတ်ကြည့်၏။

ဤရဲတိုက်ကြီး၏ ပိုင်ရှင်သည် ဦးတောကျီးကန်းဖြစ်သည်။

နေဝင်လျှင် ပြန်ရောက်မည်။ တွေ့ချင်ရင် စောင့်၊ မတွေ့ချင် ရင် ပြန်၊

မောင်ဖြူစင်သည် ဦးတောကျီးကန်းကြီးနှင့် တွေ့ချင်စရာ အကြောင်းမရှိသော်လည်း စောင့်ရပေတော့မည်။ အဘယ်ကြောင့် ဆိုသော် ပိုင်ရှင်ကို တောင်းပန်၍ တစ်ညတော့ မိုးလုံ လေလုံ ဘေးကင်းစွာဝင်အိပ်ချင်သောကြောင့် ဖြစ်သည်။

ထိုကြောင့် မောင်ဖြူစင်သည် အပေါက်ဝနားတွင် ငုတ်တုတ် ကလေးထိုင်စောင့်၏။

နေဝင်သည်နှင့်တစ်ပြိုင်နက် တောင်ပံတရှူန်းရှူန်းခတ်သံနှင့် အတူ တောကျီးကန်းကြီးသည် ရောက်ရှိလာလေ၏။

"အလို .. မင်းဘာထိုင်လုပ်နေတာလဲ"

mgyoe.com

mgyoe.com


"ဦးတောကျိုးကန်းနဲ့တွေ့ဖို့ စောင့်နေတာပါ"

"မင်းက နွားနို့ခဲ ပေးနိုင်လို့လား"

"မပေးနိုင်ပါဘူးခင်ဗျာ"

"ရှို ဒါဖြင့် ဘာလုပ်ဖို့ စောင့်နေတာလဲ"

"ကျွန်တော် မျက်စိလည် လမ်းမှားနေလို့ပါ။ ဒီတစ်ညတော့ ဒီရဲတိုက်ထဲမှာ တည်းခိုနားနေဖို့ ခွင့်ပြုစေချင်ပါတယ်"

"မင်းဟာ တော်တော် ဘဝင်ကိုင်တတ်ပါလား"

မောင်ဖြူစင်သည် အံ့အားသင့်သွား၏။

"ဘာဖြစ်လို့ပါလဲခင်ဗျာ"

"မင်းဟာ လူကွ ငါမြင်မြင်ချင်း သိတယ်။ ငါအသက်ကြီးပေမဲ့ မျက်စိမမှုန်သေးဘူး။ မင်းဟာ လူမှ လူစစ်စစ်ပါ"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ငြင်းမနေပါဘူး။ကျွန်တော် ဟာ လူပါ၊ လူမှ ယောကျ်ားစစ်စစ်ပါ"

"ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ လူဟာ လူပဲ၊ ဘယ်လိုလုပ် ပြီး နားနေလို့ရမှာလဲ။ ဒါနဲ့များ မင်းကိုယ်မင်း ငှက်တစ်ကောင် ကောင်ဖြစ်သလို ဘဝင်ကိုင်ပြီး တစ်ညနားနေမယ်လေး ဘာလေး နဲ့၊ ထွီနားကြားပြင်းကပ်စရာ။ လူဟာ လူစကားပြောပါကွ။ ငှက် စကားကို မတန်မရာမပြောပါနဲ့"

"သြော် . . ဟုတ်ကဲ့၊ တစ်ညလောက်တည်းခိုပါရစေလို့ ပြော ချင်တာပါ"

"အေး . . လူပီပီ အခုလို ကုပ်ကုပ်ရုပ်ရုပ်ပြောပါ။ မင်းနာ မည်က ဘာတဲ့လဲ"

"မောင်ဖြူစင်"

mgyoe.com

mgyoe.com


"အား . . အား လောက်လောက်"

"အဲဒါက ဘာပြောတာလဲ"

"တော်တော်ခေါ် ရခက်တဲ့နာမည်လို့ ပြောတာကွ။ ကဲ . . ငါ့နောက်က လိုက်ဝင်ခဲ့။ အထဲရောက်ရင် ငါ့ကိုတုပြီး တန်းပေါ်တက်မအိပ်နဲ့။ လူပီပီကြမ်းပေါ်မှာ ခွေခွေကလေးအိပ်နော်"

ပြောပြောဆိုဆိုနှင့် တောကျီးကန်းကြီးသည် ရှေ့က တံခါးဖွင့်၍ ဝင်သွား၏။ မောင်ဖြူစင်က နောက်ကလိုက်ဝင်သည်။ အထဲတွင် မှောင်မည်းနေ၏။ ဤကြားထဲတွင် တောကျီးကန်းကြီးက တံခါးကိုပြန်ပိတ်လိုက်ရာ၊ ပိတ်ပိတ်သား မှောင်ကျသွားလေတော့သည်။

"ဟာ . . မှောင်လိုက်တာ လွန်ပါကရောလား"

"အား . . အားလောက်လောက်၊ အားလောက်လောက်"

"ကျွန်တော့်နာမည်ခေါ် ရခက်နေပြန်လား"

"မဟုတ်ဘူး၊ ဒီတစ်ခါတော့ အားလောက်လောက်ဆိုတာ မင်းတော်တော်ခွကျတဲ့ ကောင်ပါလားလို့ပြောတာ"

"ဩော် . . ကျွန်တော်က ဘာများခွကျလို့ပါလဲ"

"မိုးချုပ်တာ အိပ်ဖို့ကွ၊ အိပ်ပြီဆိုရင်လည်း လင်းနေဖို့ ဘာလိုသေးလဲ။ မင်းမျက်ခွံပိတ်လိုက်ရင် မှောင်နေမှာပဲဟာ၊ အပြင်က လင်းနေဖို့မလိုပါဘူး"

"ကျွန်တော်တို့ လူတွေဟာ မှောင်မှောင်ချင်း မအိပ်ကြသေးပါဘူး"

"ကျွန်တော်တို့ လူတွေဟာ မှောင်မှောင်ချင်း မအိပ်ကြသေးပါဘူး"

mgyoe.com

mgyoe.com


"ဘာတွေလုပ်နေကြသလဲ"

"တချို့ကလည်း ထမင်းစားတယ်။ အချို့လည်း လမ်းလျှောက်တယ်။ တချို့လည်း တောင်းရက် ဗိုင်းငင်နဲ့ အလုပ်တွေလုပ်တတ်ကြပါတယ်။ တော်တော်ကြီး ညဥ့်နက်မှ အိပ်တတ်ကြတာပါ"

"အား လောက် လောက် . . အားလောက်လောက်"

"ဒါက ဘာပြောတာလဲ"

"မင်းတို့ လူတွေဟာ နေ့နဲ့ ညဥ့်မှားနေကြတယ်လို့ပြောတာကွ"

"အား လောက်လောက် . . အားလောက်လောက်"

"ဒါက ဘာဖြစ်သွားတာလဲ"

"နေ့နဲ့ ညဥ့်မှားတာ သောက်ရေအိုးက ရေနဲ့မျက်နှာသစ်ရတယ်လို့ ပြောတာပါ"

"ဟော့ မောင်ဖင်စူး အဲ . . မောင်ဖြင်စူ"

"မောင်ဖြူစင်ပါ"

"အေး . အခု မင်းပြောတဲ့နာမည်နဲ့ အကောင်။ မတန်မရာ ကျီးကန်းစကားကို လိုက်မပြောနဲ့ကွ။ မင်းက မပီဘူး"

"မပီမဲ့သာ မပီတာ၊ ဦးတောကျီးကန်းပြောလိုက်သမျှတွေဟာ အားလောက်လောက်ချည်းပဲ ကျွန်တော်ကြားတာပဲ"

"ဟော့ . . မင်းတို့က နားရွက်ကြီးတွေရှိနေတော့ အသံကို သိမ်သိမ်မွေ့မွေ့နားမဝင်ဘူး။ မင်းတို့ နားပေါက်ထဲဝင်တဲ့အသံဟာ နားရွက်ကိုခလုတ်တိုက်ဝင်ရတော့ မင်းတို့ဘာမှနားမလည်ဘူး အားလောက်လောက်မှာ လေယူလေသိမ်းအမျိုးမျိုးရှိတယ်။ ဒါတွေကို အဆင့်အတန်းနိမ့်တဲ့ မင်းတို့လူသားတွေ နားမလည်နိုင်ပါဘူးလေ။ ကဲ . . ဒါတွေထားပါဦး မိုးက သူ့ဘာသာသူ ချုပ်သွားတာ

mgyoe.com

mgyoe.com


ကွ။ ပြန်လင်းလာအောင် နေကိုပြန်ဆွဲတင်နိုင်တာမှမဟုတ်တာ၊ လုပ်မနေပါနဲ့ကွာ၊ ကုက္ကိုရွက်တွေတောင် အိပ်ကုန်ကြပါပြီ"

"နေကို ပြန်ဆွဲတင်စရာမလိုပါဘူး၊ မီးထွန်းရင် ရပါတယ်"

"အားလောက်လောက် . . အားလောက်လောက်"

"အားလောက်လောက်"

"ဟော့ကောင်လိုက်မပြောနဲ့၊ မင်း အခုပြောလိုက်တာ ငါတို့စကားနဲ့ ကျွန်တော် ဝမ်းအကြိမ်ငါးဆယ် လျှောနေပါပြီလို့ အဓိပ္ပာယ်ပေါက်တယ်ကွ"

"ဝမ်းအကြိမ် ငါးဆယ်လျှောမှတော့ အဲဒီလောက်တောင် အော်နိုင်ပါဦးမလား"

"အော်နိုင်တာ မအော်နိုင်တာ အပထား။ အဓိပ္ပာယ်ကတော့ ဒီအတိုင်းပဲ ပေါက်တယ်ကွ"

"နို့ . . ဦးတောကျီးကန်းပြောတဲ့ အားလောက်လောက်ကကော"

"ငါက ဌာန်ကရိုဏ်းကျကျပြောတာ။ မင်းသာနားလည်ရင် တော်တော်သိမ်မွေ့တဲ့ အဓိပ္ပာယ်ရသလို ခံစားရမှာပဲ။ ခုတော့ မင်းက လူဖြစ်နေတော့ မမိတမိ လူစကားလေးနဲ့ပဲ ပြန်ရှင်းရတော့မှာပေါ့။ မီးဆိုတာ သဘာဝရဲ့သားတစ်ဦးမို့ မွေးတာ သေတာမရှိ။ ပေါ်တာပျောက်တာပဲရှိတယ်။ တောမီးလောင်မှ သူပေါ်လာတာ မင်းက ခေါ်လို့ရပါ့မလားလို့ ငါက ရှေးအစဉ်အလာကဗျာကို ရွတ်ပြီး ပြောတာကွ"

စောင်ဖြူစင်သည် ရယ်ချင်သွား၏။ သို့သော် မရယ်ဝံ့ပါ။

"ဟုတ်ကဲ့ ဒါပေမဲ့ မီးခြစ်ရှိရင် သဘာဝရဲ့ သားပျိုတစ်ဦးဖြစ်

mgyoe.com

mgyoe.com


တဲ့ မီးဟာ ပျော်ပျော်ရွှင်ရွှင်ပေါ်ထွက်လာပါတယ်"

တောကျီးကန်းကြီးသည် ခဏတော့ ငြိမ်၍တိတ်သွား၏။ ပြီးမှ စကားသံထွက်ပေါ်လာပြန်သည်။

"မင်းတို့ မီးခြစ်ခေါ်တာကိုတော့ ငါသိတယ်။ အဲဒီက မီးထွက်မှန်း မသိဘူး။ ဒါဖြင့် ရေခြစ်ကို ခြစ်ရင်လည်း ရေထွက်မှာပေါ့နော်"

"အားလောက်လောက်"

"ဟော့ကောင် မပြောပါနဲ့ဆို အဲဒါက ဝေးစွခြောက်ပါးလို့ အဓိပ္ပာယ်ရတယ်ကွ"

"ဟုတ်ကဲ့ . . ကံအားလျော်စွာ ကျွန်တော်ပြောချင်တာက လည်း အဲဒီအတိုင်းပါပဲ။ ရေခြစ်ဆိုတာ မရှိပါဘူး၊ မီးခြစ်ပဲရှိလို့ မီးကိုပဲ ခေါ်နိုင်ပါတယ်"

"ငါနားလည်ပြီ။ ငါက မီးခြစ်တွေတွေ့ရင် ချီလာပြီး သိမ်းထားတဲ့ ဝါသနာရှိတယ်။ ငါရှာပေးမယ်။ ဒါထက် မင်းက ငါတို့စကားကိုပြောဖို့တော့ မကြိုးစားပါနဲ့။ အားတစ်ခုမှာ လေယူလေသိမ်း တရာ့ငါးဆယ်ရှိတယ်ကွ။ လောက်တစ်ခုမှာ လေယူလေသိမ်းသုံးထောင်ခုနှစ်ရာခြောက်ဆယ့်သုံးရှိတယ်။ တစ်ခါ လေယူလေသိမ်း တစ်ခုတစ်ခုစီမှာ အဓိပ္ပာယ် ခုနစ်ဆယ်ကနေ နှစ်ရာလေးဆယ်နဲ့ ရှစ်ခုအကြားမှာ ရှိတယ်။ ဒါတောင် အစ်တို့ကော့တို့ဆိုတဲ့ ကြားညှပ်သံတွေမပါသေးဘူး"

"တော်ပါပြီ ခင်ဗျာ ကျွန်တော်မကြိုးစားတော့ပါဘူး"

"အေး . . ကောင်းတယ်။ အဲဒီလို လိမ္မာမှပေါ့။ ဉာဏ်မမီတာ မလုပ်ချင်ပါနဲ့ကွာ။ ကဲ . . ငါချီထားတဲ့ တောက်တိုမယ်ရတွေထဲက

mgyoe.com

mgyoe.com


မီးခြစ်ကိုရွေးပေးမယ်"

တောင်ပံတရှူန်းရှူန်းခတ်သံထွက်ပေါ်လာ၏။ ထို့နောက် အပေါ်ဘက်နားဆီက ချိုးချိုးချွတ်ချွတ်သံတွေ ထွက်ပေါ်လာပြီးနောက် မောင်ဖြူစင်၏ ရှေ့နားဆီသို့ တစ်စုံတစ်ခုသည် ဖောက်ခနဲမြည်သံနှင့်အတူကျလာသည်။

မောင်ဖြူစင်သည် စမ်း၍ကောက်လိုက်ရာ မီးခြစ်ဗူးကလေးဖြစ်နေ၏။ သို့ဖြင့် သူသည် ထင်းခြောက်များဖြင့် မီးကိုဖိုသည်။ အထဲတွင် အတော်အသင့် လင်းသွား၏။

တောကျီးကန်းကြီးသည် အပေါ်ထုပ်တန်းပေါ်မှ ဆင်းလာပြီး မီးပုံနားလာထိုင်သည်။

"ဟော့ကောင်. . မောင်ဖင်စူ"

"မောင်ဖြူစင်ပါ"

"အား လောက်လောက် . . အဲ. . မင်းနာမည်ခေါ်ရခက်တယ်။ ဒီမှာ ဒီလိုမင်းနေရင် ငါ့ဝမ်းဗိုက်က ဆာလာရော၊ အစာထွက်ရှာချင်တယ်။ ဒီတော့ ဒီတစ်ညတော့ မှောင်ထဲမှာပဲ အိပ်ကွာ၊ ငါက လင်းနေရင် အိပ်လို့ရမှာ မဟုတ်ဘူး"

မောင်ဖြူစင်လည်း မတတ်သာတော့ပြီ။ သူ့အိမ်တွင်တည်းလျှင် သူ့အကြိုက်လိုက်ရမည်ဖြစ်၏။ ထို့ကြောင့် မောင်ဖြူစင်သည် မီးကို ငြိမ်းသတ်ကာ မှောင်ထဲတွင်ပင် အိပ်လိုက်ရလေ၏။

နောက်နေ့နံနက်တွင် တောကျီးကန်းကြီးသည် အစောကြီးနိုး၏။

"အားလောက်လောက် အားလောက်လောက်"

"ကျွန်တော့်နာမည် ခေါ်ရခက်နေပြန်ပြီလား"

mgyoe.com

mgyoe.com


"မဟုတ်ဘူးကွ တစ်ညအိပ်ပြီး အလုပ်ခွင်စတင်တော့မယ့် နေမင်းဝိုင်းစက်စက်ကို နှုတ်ဆက်တာ ငါတို့က ဒီလိုသီချင်းဆိုလိုက်ရင် နေမင်းကြီးက ပျော်ပျော်ရွှင်ရွှင်ထွက်လာရော။ ကဲ. . ငါအပြင်သွားတော့မယ်။ တံခါးပိတ်သွားရမယ်ကွ။ မင်းအထဲမှာပဲ နေမလား"

"ကျွန်တော်လည်း သွားရတော့မှာပါ"

"ဟာ . . ငါနဲ့ မနေတော့ဘူးလား"

"မနေနိုင်လို့ပါ။ ကျွန်တော့်ကို ခွင့်ပြုပါ"

"ဒါဖြင့် ခဏနေဦး"

တောကျီးကန်းကြီးသည် ထုပ်ပေါ်ပြန်တက်သွား၏။ ထို့နောက် နံရံတွင်ရှိသော လိုဏ်ခေါင်းငယ်ကလေးများ အနက်တစ်ခုထဲက မီးခြစ်တစ်ဗူးကို ချီလာခဲ့၍ မောင်ဖြူစင်ကိုပေး၏။ မောင်ဖြူစင်က ဖွင့်ကြည့်ရာအထဲတွင် မီးခြစ်ဆံတစ်ဆံတည်းသာ တွေ့ရသည်။

"ဟော့ကောင် . . ဒါကို သွားမခြစ်နဲ့၊ ဒါက မှော်ဆရာကြီး ဦးဆိပ်ဖလူးရဲ့ မီးခြစ်ကွ။ ဦးဆိပ်ဖလူးဟာ တော်တော်ယုတ်မာတယ်။ သူ့ကိုမကြိုက်တဲ့ မိန်းကလေးတွေ။ သူမရတဲ့ မိန်းကလေးတွေဆိုရင် မီးခြစ်ဆံလုပ်ပစ်တာပဲ။ သူ့ရဲ့ တိုက်ပြတင်းပေါက်ဘောင်မှာ နေလှန်းထားတုန်း ငါချီခဲ့တာ။ အဲဒီမီးခြစ်ဆံကို ခြစ်ရင် ကောင်မလေးပြန်ပေါ်လာမယ်ကွ။ ဒီတော့ မင်းထမင်းကျွေးနေရမယ်။ အကြောင်းပေါ်မှ ခြစ်ပေတော့ ယူသွား"

မောင်ဖြူစင်သည် မီးခြစ်ကလေးကို ခါးပိုက်ထဲ ထည့်လိုက်၏။

"ကျေးဇူးတင်ပါတယ် . . . ဦးတောကျီးကန်း တစ်နေ့တော့ ကျေးဇူးဆပ်ပါ့မယ်"

mgyoe.com

mgyoe.com


"အေး . . မင်းကျေးဇူးဆပ်ချင်ရင် ငါ့ကို နွားနို့ခဲပေး။ ဒီကို လာပေးဖို့ မလိုဘူး။ မင်းကြိုက်တဲ့နေရာကနေပြီး အား အား အား အား တောကြီးထဲက မဟူရာသားလို့ သုံးခါအော်လိုက် ငါရောက်လာခဲ့မယ်။ ငါက နွားနို့ခဲကို သိပ်ကြိုက်တာ။ တစ်ခါမှ အလစ်ချိုလို့မရဘူးကွ။ ဒါက မြို့ကျိုးကန်းတွေနဲ့မှ နီးစပ်တာ"

"မြို့ကျိုးကန်းတွေရဲ့ စကားကကော ဒီလိုပဲလား"

"ဒီကောင်တွေက ယဉ်ကျေးမှုတိမ်ကောသွားပြီကွ၊ ကျီးပျက်စကားလောက်ပဲတတ်တော့တယ်။ တို့လောက်လည်း ဌာန်ကရိုဏ်း မကျဘူးကွ"

"ကဲ . . ကျွန်တော် သွားပါဦးမယ်။ ကျေးဇူးကို မမေ့ပါဘူး"

"အား . . အားလောက်လောက် အစ် အားလောက်လောက်"

မောင်ဖြူစင်သည် အဓိပ္ပာယ်ကို မေးမနေဘဲ ခြေဦးတည့်ရာသို့ ထွက်လာခဲ့လေတော့သည်။

× × ×

နေပြည်တော်တွင် ထမင်းဆိုင်ဖွင့်၍ ကြီးပွားနေသော ဦးဘူသည် သူ့ဆိုင်သို့ ရောက်လာသော လူစိမ်းကို မော့ကြည့်၏။

"မောင်ရင် ကျုပ်ဆိုင်မှာတည်းခိုနေနိုင်ပါတယ်။ ဒါပေမဲ့ အခကြေးငွေ ဘယ်လောက်ပေးနိုင်လို့လဲ၊ မပေးနိုင်ရင် ကျုပ်အလုပ်တွေကို လုပ်ပေးရမယ်နော်"

လူစိမ်း လူရွယ်ကလေးသည် ဦးဘူကို ပြုံးကြည့်၏။

"ကျုပ်စီးလာတဲ့ မြင်းကိုပဲ ကြည့်ပါဦး။ ကဲ . . ခင်ဗျား ဘယ်လောက်လိုချင်သလဲ၊ ကျုပ်ကျသင့်သလောက်ပေးမယ်"

လူရွယ်သည် ဝတ်ရုံကြီးကိုဘေးသို့ ဖယ်၍ ခါးကြားမှ ငွေထုပ်

mgyoe.com

ကို ထုတ်၍ပြ၏။ ငွေထုပ်ထဲတွင် ငွေစတော်တော်များများ ပါနိုင်သဖြင့် ဦးဘူသည် မျက်လုံးပြူးသွားသည်။

"ကြိုက်သလောက်သာပေးပါ၊ တည်းခိုခွင့်ပြုပါတယ်"

လူရွယ်သည် စရန်အဖြစ် ငွေစလေး ငါးဆကိုပေး၏။ များပြားသည်ဖြစ်သောကြောင့် ဦးဘူမှာ ဝမ်းသာလှသည်။

"မောင်ရင် ဘယ်ကလာတာလဲ၊ တော်တော်ချမ်းသာတယ် ထင်တယ်"

"ကျုပ်က လက်ယာကျွန်းက မင်းသားကလေးရန်နောင်ပဲ"

ဦးဘူသည် အလွန်ရိုသေသွား၏။ မင်းသားက ဆက်၍ပြောသည်။

"ဒါထက် လူတွေမျက်နှာ မကောင်းဘူး။ ဘာဖြစ်ကြသလဲ"

"မင်းသားက လူစိမ်းမို့ မသိတာပါ။ မင်းကြီးရဲ့သမီးတော် ခင်သော်မော်ပျောက်သွားတာ တော်တော်ကြာပြီ။ ဖြစ်ပုံက မှော်ဆရာကြီး ဦးဆိတ်ဖလူးဟာ မယ်သော်မော်ကို နှစ်သက်တယ်ဆိုပြီး လာတောင်းတယ်။ မင်းကြီးက ဖမ်းဆီးချုပ်နှောင်မယ်တောင်လုပ်တာ။ နောက်တော့ သမီးတော်ကလေးပျောက်သွားတယ်။ မှော်ဆရာကြီး ဦးဆိတ်ဖလူးဟာ မိန်းကလေးတွေကို မီးခြစ်ဗူးထဲ ထည့်ထားတတ်တာကိုး၊ မယ်သော်မော်ကိုလည်း ဒီလိုလုပ်ထားမှာပေါ့"

"ဟင်. . . မင်းကြီးက ပြန်မတောင်းပန်ဘူးလား"

"မင်းကြီးလည်း သုံးရက်လောက်ကြာတော့ စိတ်ညစ်ပြီးထိမ်းမြားပါ့မယ်။ မယ်သော်မော်ကို ပြန်ပေးပါဆိုတော့ ဦးဆိတ်ဖလူးက မီးခြစ်ဗူးကို ယမ်းတွေ ခြောက်အောင်နေလှန်းထားတုန်း တောကျီးကန်းတစ်ကောင် ချီပြေးသွားလို့ သူလည်း မတတ်နိုင်ဘူးလို့

mgyo.com

mgyoe.com

ပြောတယ်၊ မယ်သော်မော်ကလေးမရှိလို့ မင်းကြီးနဲ့တကွ တိုင်းသူ ပြည်သားတွေ စိတ်ညစ်နေကြတာပါ"

မင်းသားကလေး ရန်နောင်လည်း စကားပြတ်၍ သွား၏။ မျှား မကြာမီ မောင်ဖြူစင်သည် ဦးဘူ၏ ဆိုင်သို့ရောက်လာလေ၏။ တည်းစရာမရှိ၍ ဤဆိုင်တွင်ပင်တည်းရာ တည်းခိုခမပေးနိုင်၍ ရေခပ်ထင်းခွဲ အလုပ်များကို လုပ်ရသည်။ မောင်ဖြူစင်က "ဟို လူစိမ်းကျတော့ ဘာမှမခိုင်းဘူး"ဟု ညည်းညူပြစ်တင်ရာ ဦးဘူက "ဟော့ . . . သူက ငွေပေးနေတာကွ" ဟု ငေါက်ငမ်းပြော၏။

ထိုအခါ မောင်ဖြူစင်က လောကတွင် ပိုက်ဆံမျက်နှာကြီးသည် ဟု တွေးမိရာက မိခင်ကြီးတောင်းခိုင်းသော အကြွေးကို ရှာရှာမရ သဖြင့် မတောင်းရသေးကြောင်း သတိရသည်။

သူသွားလိုသောရွာ ဘယ်မှာရှိသည်ကို ခရီးသွားတို့ကို မေးမြန်း စုံစမ်းရန် ဆိုင်ရှေ့တွင်ထိုင်နေ၏။ ထိုသို့ထိုင်နေစဉ် ခါးပိုက်ထဲမှ မီးခြစ်ဗူးကိုထုတ်ကြည့်နေမိသည်။

မင်းသားကလေးရန်နောင်က ချဉ်းကပ်လာပြီး ဆေးတံသောက် ချင်၍ မီးခြစ်ခဏပေးရန်ပြော၏။ မောင်ဖြူစင်က မီးခြစ်ကို ခါး ပိုက်ထဲသို့ လျင်မြန်စွာပြန်ထည့်သည်။

"ဟာ .. ဒါမလုပ်နဲ့၊ ဒါဟာ ရိုးရိုးမီးခြစ်မဟုတ်ဘူး"

"မီးခြစ်ပဲ ဆန်းဆန်းပြားပြား မီးခြစ်ရယ်လို့ ရှိရဦးမှာလား"

"ဒါက မှော်မီးခြစ်ဗျ၊ ခြစ်လိုက်ရင် ကောင်မလေးဖြစ်သွားမယ် ဆိုပဲ"

မင်းသားရန်နောင်သည် စိတ်ဝင်စားသွား၏။ ကောင်းကင်ကို လက်ညှိုးထိုး၍ . . .

mgyoe.com

"ဟာ . . ဆင်ကြီးပျံလာတယ်"ဟုပြောကာ လက်က မောင်ဖြူစင်၏ ခါးပိုက်ကိုနှိုက်၏။ မောင်ဖြူစင်က မော့ကြည့်သော်လည်း လက်က ခါးပိုက်အုပ်ထားသဖြင့် မင်းသားရန်နောင်၏ လက်သည် သူ့လက်ကိုလာထိ၏။

"ခင်ဗျား လက်က ဘာလာလုပ်တာလဲ"

"မသိပါဘူးဗျာ၊ ကျုပ်လည်း ဆင်ပျံကြီးကိုကြည့်နေတုန်း လက်က သူ့ဘာသာသူထွက်သွားတာပဲ"

ထိုအခိုက်တွင် မောင်ဖြူစင်က မင်းသားရန်နောင်၏ ညှို့သကျည်းကိုပိတ်၍ ကန်ရာ ရန်နောင်မှာ "အလယ်လယ်သေပါပြီဗျ" ဟုအော်၍ ပွတ်သပ်နေ၏။ မောင်ဖြူစင်၏အပေါ်တွင်လည်း လွန်စွာဒေါသထွက်သွား၏။

"မင်းက ဘာဖြစ်လို့ ငါ့ညှို့သကျည်းကိုကန်ရတာလဲ"

"သိပါဘူးဗျာ၊ ခင်ဗျားနဲ့ စကားပြောနေတုန်း ခြေထောက်က သူ့ဘာသာသူထွက်သွားပြီး ကန်ထည့်တာပဲ"

ရန်နောင်သည် မှုန်ကုပ်ကုပ်နှင့်ကြည့်နေသော်လည်း သူ့စကားနှင့်သူဖြစ်နေ၍ ငြိမ်နေရ၏။ မောင်ဖြူစင်လှည့်ထွက်သွားမှ ဓားလွယ်ကိုဖြုတ်ကာ ဓားရိုးဖြင့် မောင်ဖြူစင်၏ နောက်စေ့ကိုရိုက်သည်။ မောင်ဖြူစင်သည် သတိလစ်၍လဲကျ၏။

ထိုအခါ ရန်နောင်သည် မောင်ဖြူစင်၏ ခါးပိုက်ထဲမှ မီးခြစ်ဗူးကို ယူကာ နန်းတော်သို့ပြေးလေတော့၏။

သမီးတော် မယ်သော်မော်ကို ပြန်ရောက်အောင် လုပ်ပေးမည် ဆိုသဖြင့် ဘုရင်ကြီးသည် ဝမ်းသာအားရတွေ့၏။

"မောင်မင်း ဘာဆုကိုလိုချင်သလဲ"

mgyoe.com

mgyoe.com



"မယ်သော်မော် လူပြန်ဖြစ်ရင် မယ်သော်မော်နဲ့ လက်ထပ်ခွင့်ဆုကိုလိုချင်ပါတယ်"

"အောင်မယ် မင်းက ဘာကောင်မို့လဲ"

"မင်းသားပါ"

"ဘယ်ဇာတ်ထဲကလဲ"

"ဇာတ်ထဲကမဟုတ်ပါဘူး၊ လက်ယာကျွန်းရှင် ဘုရင်မင်းကြီးရဲ့ သားတော်ရန်နောင်ဆိုတာ ကျွန်တော်မျိုးပါပဲ"

"ဟာ လက်ယာတောင်ကျွန်းနဲ့တောင်ခိုင်းနှိုင်းတယ်ဆိုတော့ တော်တော်ကြီးကျယ်မှာပဲ။ အိမ်ခြေဘယ်လောက်ရှိသလဲ"

"တစ်ရာ့ငါးဆယ်ကျော်ပါ"

"ဟင်.. လက်ယာကျွန်းဆို"

"မှန်ပါတယ်၊ လူတိုင်းလူတိုင်း ကိုယ့်လယ်နဲ့ ကိုယ့်ယာလုပ်ရလို့ လက်ယာကျွန်းခေါ်တာပါ၊ ကျွန်းက သေးသေးလေးပါပဲ၊ ကျွန်တော်မျိုးလည်း တိုင်းတစ်ပါးမရောက်ဘူးလို့ အခုထွက်လာတာပါ"

"ကဲပါလေ၊ မင်းသားပဲဖြစ်ဖြစ်၊ သူကြီးပဲဖြစ်ဖြစ်၊ ဆယ်အိမ်ခေါင်းပဲဖြစ်ဖြစ် မယ်သော်မော်လူပြန်ဖြစ်အောင် ပြုလုပ်ပေးနိုင်ရင် သမီးတော်နဲ့ ပေးစားပါ့မယ်"

မင်းသား ရန်နောင်သည် ဝမ်းသာအားရစွာနှင့် မီးခြစ်ဆံကို ထုတ်ခြစ်၍ ကြမ်းပေါ်ပစ်ချလိုက်၏။ မီးခိုးလုံးကြီး ကြွတက်လာကာ မီးခိုးများလွင့်ပြယ်သွားသောအခါတွင် လှပသော မိန်းကလေးတစ်ယောက်သည် မတ်တပ်ရပ်လျက်သားပေါ်နေလေတော့သည်။

"ကဲ.. အရှင်မင်းကြီး ကျွန်တော်မျိုးနဲ့ ပေးစားပါတော့"

"ဟ.. ဘယ်ဖြစ်မလဲကွ၊ သူက ငါ့သမီးတော် မယ်သော်မော်

mgyoe.com

မှုမဟုတ်တာ၊ ငါက မင်းနဲ့ပေးစားလိုက်ရင် သူ့မိဘက ခံမလားကွ။ ဟဲ့ ကလေးမ မင်းနာမည်က ဘာတဲ့တုံး"

"မယ်သင်းပျံ့ပါ၊ ဦးဆိတ်ဖလူးက ခိုးပြီး မီးခြစ်ဗူးထဲထည့်ထားတာ၊ တောကျီးကန်းချီလို့ ကိုဖြူစင်ရတာကို သူကရိုက်လုခဲ့တာယါ"

ပြောပြောဆိုဆိုနှင့် မယ်သင်းပျံ့သည် နန်းတော်မှ ထွက်ပြေးလာခဲ့၏။ ဦးဘူ၏ ထမင်းဆိုင်သို့ ရောက်သော် မောင်ဖြူစင်ကို ပြေးဖက်သည်။

"အမယ်လေး လုပ်ကြပါဦး၊ ကျွန်တော့်ကို ဖက်ထားတယ်ဗျို့"

မောင်ဖြူစင်က အလန့်တကြား အော်သဖြင့် ဦးဘူပြေးလာ၏။

"ဟာ . . မိန်းကလေးကဖက်တာကတော့ တရားမလွန်ပါဘူးကွ၊ ဒါလောက် စူးစူးဝါးဝါးမအော်သင့်ပါဘူး။ ဟဲ့ မိန်းကလေး၊ နင်က ဘာ့ဖြစ်လို့ ဒီကောင့်ကို ပြေးဖက်တာလဲ၊ နင့်အိမ်က နွားပေါက်ကလေးမှတ်လို့လား"

"မဟုတ်ပါဘူး၊ ကျွန်မရဲ့ ကျေးဇူးရှင်ပါ၊ သူ့ကြောင့် ကျွန်မဟာ တောကျီးကန်းကြီးရဲ့ သိုလှောင်ခန်းထဲက လွတ်လာရပါတယ်။ ကိုဖြူစင် ရှင့်တောကျီးကန်းကြီးကိုခေါ်ပြီးနောက် မီးခြစ်ဗူးတောင်းပါ။ အဲဒီထဲမှာ မယ်သော်မော်ရှိတယ်"

မယ်သင်းပျံ့သည် အကျိုးအကြောင်းရှင်းပြ၏။

မောင်ဖြူစင်လည်း ဦးဘူထံမှ ငွေချေးကာ နွားနို့ဝယ်ခဲ့၍ မြို့ပြင်ထွက်ခေါ်သည်။

"အား . . အား . . အား . . အား . . တောကြီးထဲက မဟူရာသား"

mgyoe.com

mgyoe.com


ခဏအကြာတွင် တောင်ပံတရှုန်းရှုန်းခတ်သံနှင့်အတူ တောကျိုးကန်းကြီးရောက်လာလေ၏။

မောင်ဖြူစင်က နွားနို့ခဲကျွေးပြီး မီးခြစ်ဗူးတစ်ခုကိုထပ်တောင်းသည်။

"ရပါတယ်ကွာ .. မင်းဒီမှာ စောင့်နေ၊ ငါအခုပြန်ယူမယ်၊ အောင်မယ် ကံကောင်းလို့နော်၊ မနေ့က ဦးဆိတ်ဖလူးဟာ ငါမရှိတုန်းရောက်လာပြီး ငါ့ရဲတိုက်ကိုဖွင့်မယ်ကြံနေတာ ငါရောက်တာစောလို့ သူ့နောက်စေ့ကိုတစ်ပေါက်နှစ်ပေါက်နှုတ်သီးနဲ့ ပေါက်သတ်လိုက်တာနဲ့ ဦးဆိတ်ဖလူးတော့ သေရှာပြီကွ၊ မီးခြစ်ဗူးသာ သူ့လက်ထဲပြန်ပါသွားရင် မင်းရတော့မှာမဟုတ်ဘူး။ အား လောက်လောက်လောက်"

"အဲဒါက ဘာပြောတာလဲ"

"ကံတရားဟာ ဆန်းကြယ်တယ်လို့ ပြောတာပါကွာ"

တောကျိုးကန်းကြီးသည် တစ်ခေါက်ပြန်၍ မီးခြစ်ဗူးကလေးကိုယူပေး၏။ မောင်ဖြူစင်နှင့် မယ်သင်းပျံ့တို့သည် နန်းတော်သို့ ပြန်လာရာ လမ်းတွင် မင်းသားရန်နောင်ကို တွေ့ရ၏။ မျက်နှာကြီးမဲ့ရှုံ့ထားသည်။

"ဗျို့ဆရာ.. ဘယ်လိုဖြစ်လာတာလဲ"

"ဟာ .. မင်းကြီးက လာလိမ်တယ်ဆိုပြီး ရိုက်လွှတ်တယ်လေ"

"ကဲ. . ရော့၊ ဒီမီးခြစ်ဗူးယူသွား အဲဒီအထဲမှာ သမီးတော် မယ်သော်မော်ပါတယ်"

မင်းသားရန်နောင်သည် ဘုရင်ကြီး၏ ရှေ့မှောက်သို့ ရောက်ရပြန်သည်။

mgyoe.com

mgyoe.com


"ဒီတစ်ခါတော့ အရှင်မင်းကြီးတကယ်ပေးစားရတော့မယ်"ဟု ပြော၍ မင်းသားရန်နောင်သည် မီးခြစ်ဆံခြစ်၍ကြမ်းပေါ်သို့ ပစ်ချလိုက်၏။ မီးခိုးလုံးကြီးပေါ်ထွက်လာပြီးနောက် လွင့်ပြယ်သွားသောအခါတွင် ဝဝဖိုင့်ဖိုင့် မည်းမည်းပုပု မိန်းကလေးတစ်ယောက် ပေါ်နေလေသည်။

"ဟာ . . သမီးတော်"

"ဟင် . . . ခမည်းတော်"

သားအဖနှစ်ယောက် ဝမ်းသားခြင်းမှာ အတိုင်းမသိချေ။ မင်းသား ရန်နောင်မှာ စိတ်ပျက်လုံးဆို့၍ မြေပေါ်တွင် ပက်လက်လန်မေ့လဲကျတော့၏။ သို့ရာတွင် သူသည်ကတိအတိုင်း မယ်သော်မော်ကို လက်ထပ်ရချေ၏။

မောင်ဖြူစင်ကိုကား မင်းကြီးသည် ရွှေငွေလက်ဝတ်ရတနာများ ပေး၍ မောင်ဖြူစင်သည် ဦးဘူကိုနှုတ်ဆက်ကာ မယ်သင်းပျံ့၏ ရွာသို့သွား၍မယ်သင်းပျံ့ကို တောင်းရမ်းလက်ထပ်သည်။ ထို့နောက် နှစ်ယောက်သားရွာသို့ပြန်၍ မိခင်ကြီးကိုကန်တော့ပြီး အတူနေထိုင်ကြသည်။ ဘုရင်ကြီး၏ ဆုတော်လာဘ်တော်ကြောင့် ငွေကြေးပြည့်စုံပြီဖြစ်၍ မိခင်ကြီးသည် အကြွေးမတောင်းတော့ချေ။

မောင်ဖြူစင်သည် နွားနို့ခဲများဖြင့် တောစပ်သို့သွားသည်။ တောကျိုးကန်းကြီးကိုခေါ်၍ ကျေးဇူးတင်စကားပြောကာ နွားနို့ခဲ တွေကျွေး၏။

"ဟေ့ . . တစ်ထိုင်တည်းတော့ ကုန်အောင်မစားနိုင်ဘူးကွာ၊ ငါ သယ်သွားမယ်၊ ဒါထက် မင်း အခုလို ချမ်းသာသွားတာ ငါ သိပ်ဝမ်းသာတယ်ဟေ့၊ မောင်ဖင်စူ"

mgyoe.com

mgyoe.com



"အား လောက်လောက်လောက် . . အားလောက်လောက် လောက်"

"အဲဒါက ဘာပြောတာလဲ"

"ကံတရားဟာ ဆန်းကြယ်တယ်လို့ပြောတာ"

"အဲဒီလို အဓိပ္ပာယ်မပေါက်ဘူးကွ၊ ပန်းကန်ပြားဟာ အရမ်း ငယ်တယ်လို့ အဓိပ္ပာယ်ပေါက်တယ်၊ မင်းမပီဘူး"

ထိုနေ့ကစ၍ တစ်လတစ်ကြိမ်ပင် မောင်ဖြူစင်သည် တောကျီး ကန်းကြီးကို နွားနို့ခဲခေါ်ခေါ် ကျွေးသည်ဆို၏။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## လှည့်စားမရပါ ကံကြမ္မာ

အသက်ဆယ်နှစ်ခန့်ရှိ ကလေးနှစ်ယောက်သည် ကွင်းပြင်ကြီးထဲတွင် လျှောက်လာနေကြသည်။ သူတို့နှစ်ယောက်မှာ သူငယ်ချင်းများဖြစ်ကြ၏။

တစ်ယောက်မှာ မောင်လည်ပတ်ဖြစ်၍ ကျန်တစ်ယောက်မှာ မောင်ရိုးသားဖြစ်၏။ သူတို့၏အကျင့်စာရိတ္တ၊ စိတ်နေသဘောထားများသည် သူတို့၏ နာမည်များနှင့် လိုက်ကြပါသည်။

မောင်ရိုးသားက ရိုးရိုးသားသားနှင့် မှန်မှန်ကန်ကန်ပြောဆိုတတ်သလောက် မောင်လည်ပတ်ကား ကောက်ကျစ်သောစိတ်ရှိသည်။ သူတစ်ပါးအပေါ်တွင် အညွှန့်ခူးသည်။ ခေါင်းပုံဖြတ်တတ်သည်။

မောင်ရိုးသားသည် မိမိကိုယ်မိမိ အနစ်နာခံ၍ သူတစ်ပါးအကျိုးကို သည်ပိုးရွက်ဆောင်တတ်၏။ မောင်လည်ပတ်ကမူ သူတစ်ပါး ဒုက္ခရောက်ချင်ရောက်ပေစေ . . ကိုယ်ကျိုးအတွက်ဆိုလျှင် ဘာမဆိုလုပ်မည့် သူငယ်ပင်တည်း။

သူတို့နှစ်ယောက်သည် အားလပ်သဖြင့် အပျော်ခရီးထွက်လာ

mgyoe.com

mgyoe.com


ကြခြင်းဖြစ်သည်။ မိဘများက ထမင်းထုပ်တစ်ထုပ်စီပေးလိုက်၏။

"ဟော့. . မောင်ရိုးသား၊ မင့် ထမင်းထုပ်က ဘာဟင်းလဲကွ"

"အမေပြောတော့ ဆိတ်သားနဲ့ အာလူးဟင်းလို့ပြောတာပဲကွ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ငါ့ဟင်းက ပိုကောင်းတယ်။ မင်းစားချင်ရင် လဲစားကြတာပေါ့ကွာ"

"အေး . . ထမင်းစားတော့ အတူတူစားကြမှာပဲဟာ၊ မင့်ဟင်းကိုလည်း ငါစား၊ ငါ့ဟင်းကိုလည်း မင်းစားပေါ့။ ငါကတော့ ဆိတ်သားသိပ်မကြိုက်ပါဘူးလေ"

မောင်ရိုးသားကတော့ ရိုးရိုးသားသားပင်ပြော၏။ မောင်လည်ပတ်ကမူ လိမ်ညာ၍ပြောခြင်းသာဖြစ်သည်။ အမှန်မှာ သူ့ထမင်းထုပ်ထဲတွင် ပဲပြုတ်နှင့် ငါးခြောက်သာပါ၏။

ဤသို့ဖြင့် နှစ်ယောက်သား ကျယ်ပြန့်လှသော ကွင်းပြင်ကြီးကိုဖြတ်၍ လျှောက်လာကြရာ၊ တစ်နေရာတွင် ကျောက်မြင်းရုပ်ကြီးနှစ်ရုပ်ရှိသည်ကိုတွေ့ကြရ၏။ ဘေးနားတွင်လည်း ဆိုင်းဘုတ်တစ်ခုထောင်ထားသည်ကို တွေ့ကြရသည်။

**ခရီးသွားလိုလျှင် မြင်းပေါ်ခွစီးပြီး မြင်း၏တင်ပါးကို ပုတ်လိုက်ပါ။**

စာကိုမြင်သည်နှင့်တစ်ပြိုင်နက် မောင်လည်ပတ်သည် မြင်းရုပ်နှစ်ရုပ်ကို လျင်မြန်စွာပင် သေချာစွာ ကြည့်လိုက်၏။ မြင်းနှစ်ကောင်စလုံးမှာ အတောင်ပံကြီးများရှိကြသည်မှန်သော်လည်း တစ်ကောင်မှာ အတောင်ပံစောက်ထိုးကြီးဖြစ်နေသည်ကို တွေ့ရသည်။

သို့ဖြစ်လေရာ မောင်လည်ပတ်သည် အတောင်ပံတည့်တည့်

mgyoe.com

mgyoe.com


ရှိသော မြင်းရုပ်ပေါ်သို့ မောင်ရိုးသားထက် ဦးအောင်တက်၍ ခွထိုင်လိုက်၏။

"ဟော့ . . မောင်ရိုးသား၊ မင်းက ဟိုမြင်းကိုတက်ကွ။ ဒါထက် မင်းသယ်ရသက်သာအောင် ထမင်းထုပ်ကို ငါ့ပေးထားလေ"

မောင်လည်ပတ်က ဤသို့ပြောလိုက်သောအခါ မောင်ရိုးသားသည် သူ၏ ထမင်းထုပ်ကို မောင်လည်ပတ်အား ပေးလိုက်၏။ မောင်လည်ပတ်သည် ထမင်းထုပ်ကို ရသည်နှင့်တစ်ပြိုင်နက် ထမင်းထုပ်နှစ်ထုပ်စလုံးကို ဆွဲယူကာ မြင်း၏ တင်ပါးကိုပုတ်လိုက်လေ၏။

မြင်းကြီးသည် တစ်ရှိန်ထိုးပင် ကောင်းကင်ဆီသို့ လျင်မြန်စွာ ပျံတက်သွားလေတော့သည်။

မောင်ရိုးသားသည် သူငယ်ချင်းဖြစ်သူက မြင်းပျံကြီးကို စီး၍ ကောင်းကင်ပေါ် ပျံတက်သွားသည်ကိုမြင်သော် ကျေနပ်ဝမ်းသာ၍ ငေးကြည့်နေမိသည်။ တိမ်တောင် တိမ်လိပ်များအကြားတွင် မောင်လည်ပတ်နှင့်တကွ မြင်းပျံကြီးပျောက်ကွယ်သွားမှ သူသည်လည်း ကျန်သောမြင်းရုပ်ပေါ်တက်၍ ခွစီးလိုက်လေသည်။ ပြီးတော့ အေးအေးဆေးဆေးပင် မြင်းကြီး၏ တင်ပါးကိုပုတ်လိုက်ရာ မြင်းကြီးသည် ဝူးခနဲ မြေကိုခွဲ၍ ဝင်ရောက်သွားလေရာ မောင်ရိုးသားပါ ပါသွားလေတော့၏။

မောင်လည်ပတ်သည် နတ်မြင်းပျံကြီး သယ်ဆောင်ရာသို့ ပါသွားလေရာ များမကြာမီပင် တိမ်တိုက်များကို ဖောက်ခွဲကျော်လွန်တည်ရှိနေသော ထောင်ထွက်ကြီးတစ်ခုသို့ ရောက်သွားလေ၏။ ထိုတောင်ထွတ်ကြီးပေါ်တွင် လှပသော ခြုံပန်းခြုံနွယ်တို့ဖြင့်

mgyoe.com

mgyoe.com


ဆောက်လုပ်ထားသည့် နှစ်ထပ်အိမ်ကြီးကို တွေ့ရသည်။

ထိုအိမ်ကြီး၏ အရှေ့သို့ ရောက်သောအခါ မြင်းပျံသည် ဆင်းသက်ရပ်နားလေ၏။ မောင်လည်ပတ်သည် မြင်းပေါ်မှ ဆင်းကာ ပိတ်ထားသော တံခါးကြီးရှေ့တွင် ရပ်သည်။ တံခါးပေါ်မှ စာများကို ဖတ်ကြည့်မိ၏။

**ရိုးသားစွာကြိုးစားပါ။**

**အကောက်ကြံလာ**

**မထောက်ခံပါ။**

**တောင်ပေါ်ဖွားဖွား**

စာကို ဖတ်ပြီးသောအခါတွင် မောင်လည်ပတ်သည် စာကို ဂရုမစိုက်ချေ။ ဝမ်းထဲတွင် ဆာတာတာဖြစ်လာသဖြင့် ထမင်းထုပ်ကို ဖြေစားချင်နေ၏။ သို့သော် အိမ်ထဲဝင်၍ စားရလျှင် သောက်ရေစသည်ပင် အဆင်ပြေနိုင်မည်ဟု တွေးမိသည်။ သို့ဖြင့် တံခါးကြီးကို လက်သီးဆုပ်ဖြင့် အတင်းထု၏။

"ဟဲ့ .. ဘယ်သူလဲဟေ့ .. တဝုန်းဝုန်းနဲ့ ထုနေတာ"

အသံမှာ အပေါ်က ထွက်ပေါ်လာသဖြင့် မောင်လည်ပတ်သည် နောက်သို့ဆုတ်၍ အပေါ်ကဝရန်တာသို့ မော့ကြည့်သည်။ ဝရန်တာထက်မှ ခေါင်းဖြူဖြူနှင့် အဘွားအိုသည် ငုံ့ကြည့်နေ၏။

"အဘွားကြီး ... တံခါးဖွင့်စမ်းပါ"

"မင်းက ဘယ်သူလဲ"

"မောင်လည်ပတ် .. အထဲဝင်ချင်လို့ တံခါးဖွင့်ပါ"

"အင်း နာမည်က မောင်လည်ပတ်ဆိုတော့ တော်တော်ကို လိမ်လည်လှည့်ပတ်မယ့် ကောင်လေးပဲ၊ နေဦး ငါဆင်းလာခဲ့မယ်"

mgyoe.com

mgyoe.com



တအောင့်အကြာတွင်ပင် အဘွားအိုက တံခါးဖွင့်ပေး၍ မောင်လည်ပတ်သည်အတွင်းသို့ ဝင်လာခဲ့၏။

"ကျွန်တော့်မှာ ထမင်းထုပ်ပါတယ်။ အဘွားကြီးက ကျွန်တော့်ကို သောက်ရေသာခပ်ပေး"

"ဟဲ့ .. ငါလည်းဆာတယ်"

"ဆာပေမယ့် မကျွေးနိုင်ဘူး"

"နင့်မှာ ထမင်းထုပ်နှစ်ထုပ်တောင် ပါတာပဲဟာ"

"အို .. ကျွန်တော်က အစားကြီးတယ်။ တစ်ထုပ်နဲ့ မဝလို့"

"ငါ့ကို မကျွေးရင် သောက်ရေမပေးဘူး"

မောင်လည်ပတ်သည် မတတ်သာတော့သဖြင့် ထမင်းထုပ်ကို ဖြေ၍ ပဲပြုတ်နှင့် ငါးခြောက်ပါသော အထုပ်ကို အဘွားအိုအတွက်ထားကာ၊ မောင်ရိုးသား၏ ထမင်းထုပ်ကိုမူ သူ့ရှေ့တွင်ဖြေထား၏။

အဘွားအိုက လက်ဆေးရေနှင့် ရေတကောင်းကို ယူလာချသည်။

"အောင်မယ် .. နင့်ဟင်းက ကောင်းတယ်။ ဘာရမလဲ"

အဘွားကြီးက သူ့ရှေ့တွင် ဖြန့်ထားသော ထမင်းဟင်းများကို အထုပ်လိုက်ပင် ရွှေ့၍ မောင်လည်ပတ်ရှေ့မှ အထုပ်ကိုဆွဲ၏။

"အဘွားကြီးနော် .. မသဒ္ဓါတာမစားနဲ့"

မောင်လည်ပတ်က ပြန်၍ဆွဲ၏။ ဤသို့ဖြင့် သူဆွဲငါဆွဲနှင့် ဆွဲနေကြလေရာ၊ ထမင်းထုပ်မှာ ဒန်းစီးသလို ဟိုရွှေ့သည်ရွှေ့နှင့်ဖြစ်နေရသည်။ မကြာပါချေ။ ထမင်းတွေရော ဟင်းတွေပါ ကြမ်းပေါ်သို့ ဖိတ်ကျကုန်လေ၏။

mgyoe.com

ထမင်းများမှောက်ကျသည်နှင့်တစ်ပြိုင်နက် အစားငမ်းဆမ်း

လှသော မောင်လည်ပတ်သည် ကြမ်းပေါ်က ထမင်းဟင်းများကို ကောက်စားရန် လက်လှမ်း၏။ ထိုခဏတွင် ဘယ်ကရောက်လာမှန်းမသိ၊ ရင်မမဲရှိုင်းတစ်အုပ်သည် ထမင်းများပေါ်သို့ နေရာလပ်မရှိအောင် လာနားကြလေ၏။

မောင်လည်ပတ်သည် အလွန်အမျက်ထွက်သွားသည်။ စိတ်ဆိုးစွာဖြင့် ယင်မမဲရှိုင်းများကို လက်ဝါးကြီးနှစ်ဖက်နှင့် တဖြန်းဖြန်း ပိတ်ရိုက်လေရာ၊ ထမင်းနှင့်ဟင်းများသည် သူ့မျက်နှာသို့ စင်၍ ပေကျံကုန်တော့သည်။

သူသည် ချက်ချင်းပင်သတိရ၍ ခုံပေါ်မှ ထမင်းထုပ်ကိုကြည့်၏။ အဘွားအိုထိုင်စားနေသောကြောင့် ထမင်းထုပ်မှာ တစ်ဝက် ပင်ကုန်နေလေပြီ။

မောင်လည်ပတ်သည် ထမင်းထုပ်ကိုပင် ပြန်ဆွဲယူမနေနိုင်ဘဲ ခါးကြီးကိုကုန်း၍ အတင်းနှိုက်စားမှ ထမင်းထုပ်တစ်ဝက်ကို စားရတော့၏။

"ဟီဟီ . . ဟီဟီ . . နာမည်က မောင်လည်ပတ်ဆိုပေမဲ့ ကံကိုတော့ တစ်ပတ်ရိုက်လို့မရပါဘူး ဟယ် . . မင်းမကောင်းတာလုပ်ရင် မကောင်းတာပဲဖြစ်ရမှာပါ။ ကဲလာ. . ငါ့နောက်လိုက်ခဲ့။ မျက်နှာသစ်ရမယ်"

လက်များ၊ မျက်နှာများ ဆေးကြောပြီးသောအခါတွင် အဘွားအိုသည် ဧည့်ခန်းသို့ခေါ်သွား၏။ ဧည့်ခန်းထဲတွင် ကျောက်စားပွဲတစ်လုံးရှိ၍ ခုံများဝိုင်းချထားသည်။ ကျောက်စားပွဲပေါ်တွင် မီးခွက်တစ်လုံး တင်ထားသည်။

အဘွားအိုသည် မောင်လည်ပတ်ကို ခုံတစ်ခုပေါ်တွင် ထိုင်စေ

mgpoe.com

mgyoe.com


၍ စားပွဲပေါ်က မီးခွက်ကို မီးထွန်းညှိလိုက်၏။ မီးတောက်ပေါ် ထွက်လာပြီး ခဏအကြာတွင်ပင် မီးပန်းကဲ့သို့ ရောင်စုံကြယ်ပွင့် ကလေးများ ခုန်ပျံပန်းထွက်လာ၏။ အလွန်မွှေးကြိုင်သော ရနံ့ သည်လည်း ထွက်ပေါ်လာသည်။

ချက်ချင်းပင် တဖျတ်ဖျတ်မီးပန်းကြယ်ပွင့်ရောင်စုံတွေကြားမှ နတ်သမီးလေးတစ်ယောက် ပေါ်လာကာ ငြိမ့်ညောင်းသာယာသော တေးသံများနှင့်အတူ လှပစွာ ကခုန်နေလေ၏။

အတော်ကြာသောအခါတွင် မီးငြိမ်း၍ အားလုံးပျောက်ကွယ် သွား၏။

"နောက်ကြည့်ချင် ဘယ်လိုလုပ်မလဲ"ဟု မောင်လည်ပတ်က မေးသည်။

"ကြည့်ချင်တိုင်း မီးထွန်းရတာပေါ့"ဟု အဘွားအိုက ဖြေ၏။

မောင်လည်ပတ်သည် ဤထူးဆန်းသောမီးခွက်ကိုလိုချင်လာ သည်။ ရှင်ဘုရင်ကြီးသွား၍ ဆက်သရလျှင် ဆုငွေတွေ အများကြီး ရမည်ကို သိသောကြောင့်ဖြစ်၏။

"ကျွန်တော့်ကို အဲဒီမီးခွက်ပေးပါ"

"ဟဲ့ . . ဘယ်ဟာမှ အလကားမရဘူး။ နင် ဒါလိုချင်ရင် ငါ့ နောက်လိုက်ခဲ့"

မောင်လည်ပတ် ထလိုက်သွား၏။ အဘွားအိုက ရေချိုးခန်းထဲ က ရေစည်သုံးလုံးကို ပြသည်။ ရေချိုးခန်းသို့ အသွားတွင် အခန်း တစ်ခုကို ဖြတ်သွားရလေရာ ထိုအခန်းထောင့်တွင်ပစ်ထားသော မီးခွက်ဟောင်းကလေးတစ်လုံးကို သူမြင်ခဲ့၏။ ပုံသဏ္ဌာန်မှာ ကျောက်စားပွဲပေါ်က မီးခွက်အတိုင်းပင်ဖြစ်သည်။

mgyoe.com

mgyoe.com


"ဒီရေစည်တွေ ပြည့်အောင် ရေခပ်ထည့်ပေးရင် မီးခွက်ကို ရမယ်"

"ရေက ဘယ်မှာသွားခပ်ရမှာလဲ"

"တောင်အောက်မှာပေါ့"

မောင်လည်ပတ်စိတ်ပျက်သွားသည်။ တောင်ကြီးမှာ တိမ်တိုက်တွေကြားကိုပင် ဖောက်ထွက်နေရာ အလွန်မြင့်ကြောင်း သိသာသည်။ မြင်းပျံကလည်း တက်လိုက်ဆင်းလိုက်လုပ်၍ ရမည်မဟုတ်။ တင်ပါးပုတ်လိုက်လျှင် ကွင်းထဲသို့ပြန်ရောက်သွားမည်ထင်သည်။ သို့သော် သူသည် ထူးဆန်းသော မီးခွက်ကို လိုချင်လှ၏။

"ကျွန်တော် ခပ်ပေးမယ်"

"ဟောဟိုမှာ ဆိုင်းနဲ့ရေအိုးနှစ်လုံး ငါသွားအိပ်လိုက်ဦးမယ်"

အဘွားအိုထွက်သွား၏။ မောင်လည်ပတ်အလွန်ဝမ်းသာသွားသည်။ သူသည် ရေမခပ်တော့ဘဲ အခန်းထောင့်ကပစ်ထားသော မီးခွက်ကို ယူကာ ကျောက်စားပွဲပေါ်မှ မီးခွက်နှင့်လဲ၍ အပြင်သို့ ထွက်ပြေးလာခဲ့၏။ ကျောက်မြင်းရုပ်ပေါ်သို့ ခုန်တက်ကာ တင်ပါးကို ပုတ်လိုက်သည်။

မြင်းပျံကြီးသည် ရှုးခနဲထွက်၍ ကွင်းထဲသို့ ပြန်ရောက်သွားလေသည်။ မောင်လည်ပတ် မြင်းပေါ်မှ ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းရုပ်ကြီးသည် ပျောက်ကွယ်သွားလေတော့သည်။

မောင်လည်ပတ်သည်လည်း အိမ်ပြန်ပြေးကာ မိဘများကို ခေါ်၍ ရှင်ဘုရင်ကြီးဆီသို့သွား၏။ ရှင်ဘုရင်ကြီးရှေ့တော်မှောက်တွင် မီးခွက်ကိုထွန်းညှိလိုက်သည်။

"ရှုး . . . ဖုန်း"

mgyoe.com

mgyoe.com


ကျယ်လောင်သော မြည်သံကြီးနှင့်အတူ မည်းမှောင်သော မီးခိုး လုံးကြီးနှင့် ကျပ်ခိုးများထွက်ပေါ်လာကာ လူတွေအားလုံး မည်း မှောင်ကုန်၏။ မျက်လုံးကလေးများကိုသာ ပြူးကြောင် ပြူးကြောင် နှင့်တွေ့ကြရသည်။

"လှည့်စားမရပါ . . . ကံကြမ္မာ"ဟူသော အသံနှင့်အတူ မီးခိုး တွေ အူထွက်နေသော မီးခွက် ကွယ်ပျောက်သွားမှ လင်းချင်းသွား လေ၏။

ရှင်ဘုရင်ကြီးသည် စိတ်ဆိုးလှသဖြင့် မောင်လည်ပတ်တို့ မိသားစုကို မောင်းနှင်ထုတ်ပစ်လိုက်လေတော့သည်။

မြေကြီးထဲရောက်သွားသော မောင်ရိုးသားသည် မကြာမီပင် မြေအောက်တိုင်းပြည်ကြီးတစ်ခုသို့ ရောက်သွား၏။ "ငရဲပြည်"ဟု ဆိုင်းဘုတ်ထောင်ထားသော မြို့တံခါးဝကြီးသို့ရောက်သော် မောင် ရိုးသားသည် မြင်းပေါ်ကဆင်း၏။

ဦးခေါင်းတွင် ချိုနှစ်ချောင်းပေါက်နေသော အရုပ်ဆိုးဆိုး တံခါး စောင့်သည် မောင်ရိုးသားနားရောက်လာ၏။

"ဟင် . . ဦးလေးက လူပဲနော်"

"ဆိုပါတော့ကွာ"

"ချိုကြီးတွေက ဘာဖြစ်လို့ ပေါက်နေတာလဲ"

"မပြောတတ်ပါဘူးကွာ။ တို့ တိုင်းပြည်မှာ ချိုမပါရင် မျက်နှာ ငယ်တယ်ကွ။ လူက အသုံးမကျပေမဲ့ ချိုက အသုံးကျလှတယ်လေ။ ကဲ . . မင်းလိုက်ခဲ့"

"ဘယ်ကိုလိုက်ခဲ့ရမှာလဲ ခင်ဗျာ"

"ငါတို့ ရှင်ဘုရင်ကြီးဆီကိုပေါ့ကွ။ ယမမင်းကြီးလို့ခေါ်တယ်"

mgyoe.com

မောင်ရိုးသားသည် တံခါးဖွင့်ပေးသောအစောင့်ကြီးနောက်မှ လိုက်ပါသွားလေ၏။

မကြာမီပင် ယမမင်းကြီး၏ ရှေ့သို့ရောက်တော့သည်။

"ဟော့ . . မင်းဘယ်သူလဲ"

"ကျွန်တော် မောင်ရိုးသားပါ"

ယမမင်းကြီးသည် စားပွဲပေါ်မှ စာအုပ်ကြီးကိုယူ၍ လှန်ကြည့်၏။ တော်တော်စိတ်ရှုပ်သွားပုံရသည်။

"ဟော့ကောင်လေး မင်းဒီကိုဘာလုပ်ဖို့ လာတာလဲ။ ဒါ မင်းလာရမယ့် နေရာမဟုတ်ဘူးကွ၊ မင်းသည်မှာ စာရင်းမဝင်ဘူး"

"မသိပါဘူး ဦးကြီးရယ်၊ မြင်းကြီးက ခေါ်လာတာပါ"

ယမမင်းကြီးသည် မောင်ရိုးသား၏ မြင်းကို လိုက်ကြည့်၏။ မြင်းကိုမြင်သော် မျက်ရည်ထွက်အောင် ရယ်မောလေသည်။

"မြင်းပျံက ဘယ်ကောင်လက်ဆော့ထားတယ်မသိဘူး။ အတောင်ပံ ဇောက်ထိုး ပြောင်းပြန်ဖြစ်နေတာကိုး"

ယမမင်းကြီးက မြင်းကို ကျောသပ်လိုက်သောအခါတွင် အတောင်ပံသည် ပြန်၍တည့်သွားလေ၏။

"ကဲ . . မင်းပြန်တော့မလား"

"ဝမ်းဗိုက်ထဲမှာ သိပ်ဆာနေပါတယ်။ ထမင်းကလေးတော့ စားချင်ပါသေးတယ်ခင်ဗျာ"

"မင်းမှာ ထမင်းထုပ်မပါဘူးလား"

"ပါပါတယ်ခင်ဗျာ။ မောင်လည်ပတ်က သူ့ပေးထားဆိုလို့ ပေးလိုက်တာ၊ သူ့မြင်းက မိုးပေါ်ပျံသွားလို့ သူဆီပါသွားပါတယ်"

"ကဲ . . ဒါဖြင့် လာခဲ့"

mgyoe.com

mgyoe.com


ယမမင်းကြီးသည် မောင်ရိုးသားကို ထမင်းစားခန်းသို့ ခေါ်သွားသည်။

"ဒီမှာ ဦးကြီးခင်ဗျာ၊ ကျွန်တော်ထမင်း အလကားမစားပါရစေနဲ့၊ အလုပ်လုပ်ပေးပါရစေဦး"

ယမမင်းကြီးသည် မောင်ရိုးသားကို ပြုံးကြည့်၏။

"ကဲ . . ကောင်းပြီ။ ဒါဖြင့် ဟောဟိုက ထင်းတွေကို ခွဲပေး။ တို့ဆီမှာ ထင်းတွေဟာ ခွဲမလောက်ဖြစ်နေတယ်"

ထင်းပုံကြီးသည် တောင်လောက်မြင့်၏။ ထင်းခြမ်းများကို စုပုံထားခြင်းဖြစ်သည်။

သို့သော် မောင်ရိုးသားသည် အလုပ်ကိုကြောက်တတ်သူမဟုတ်ပါ။ ထို့ကြောင့် ယမမင်းကြီးပေးသော ဓားမတိုကလေးနှင့် ထင်းခြမ်းတစ်ခုကို ခွဲစိတ်လိုက်၏။ သူထင်းခြမ်းကို ခွဲစိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ထင်းပုံကြီးတစ်ခုလုံးမှာ ခွဲစိတ်ပြီးသားဖြစ်သွားတော့သည်။

ယမမင်းကြီးသည် ကျေနပ်စွာဖြင့် သူ့ကို ထမင်းစားခန်းသို့ ခေါ်သွား၏။

"ဦးကြီး ကျွန်တော်လုပ်ရတဲ့ အလုပ်က မဖြစ်စလောက်မို့ ထမင်းကို ငပိရည်နဲ့ပဲကျွေးပါ"

"ဟော့ . . ထမင်းထုပ်က မင်းထမင်းထုပ်ပဲစားရမှာကွ။ တောင်ပေါ်ဘွားဘွားက ပို့ထားတယ်"

"တောင်ပေါ်ဘွားဘွားဆိုတာက ဘယ်သူလဲခင်ဗျ"

"နတ်သမီးကြီးတစ်ပါးဆိုပါတော့ကွာ။ မောင်လည်ပတ်က ယူသွားတဲ့ မင့်ထမင်းထုပ်ကို သူက တန်ခိုးနဲ့သည်ကို အထုပ်လိုက်ပို့

mgyoe.com

mgyoe.com


ထားတာ ဟိုမှာမှောက်ကျတာက တောင်ပေါ်ဘွားဘွားက ဖန်ဆင်းထားတဲ့ ထမင်းထုပ်ပါကွ"

"ဘယ်မှာမှောက်ကျတာလဲ၊ တောင်ပေါ်ဘွားဘွား မှောက်လျက်ကြီးလဲကျလာတာလား"

"ဟာ စကားတွေ ရှုပ်ကုန်ပါပြီ။ ကဲပါကွာ ရော့ မင်းထမင်းသာ မင်းအားမနာတမ်းစားစမ်းပါ။ တစ်ခုတော့ မှတ်ထားဟေ့။ မကောင်းတဲ့လူကို နတ်ပြည်က ဘယ်တော့မှ လက်မခံဘူးကွ။ အဲဒီလိုပဲ မင်းလိုကောင်းတဲ့လူကိုလည်း ငါတို့ငရဲပြည်က ဘယ်တော့မှ လက်မခံဘူး။ သည်တော့ ထမင်းစားပြီး မြန်မြန်ပြန်ရမယ်"

မောင်ရိုးသားသည် သူ့ထမင်းထုပ်ကလေးကို ဖြေ၍စား၏။ ထမင်းကိုတစ်လုတ်စားလိုက်၊ ထမင်းမှာ နှစ်လုတ်စာလောက် တိုးလာလိုက်ဖြစ်နေသည်။ သို့ဖြင့် မောင်ရိုးသားသည် ဗိုက်ကြီးကားလာသဖြင့် ထမင်းစားခြင်းအလုပ်ကို လက်လျှော့လိုက်ရတော့သည်။

"တော်ပြီလားကွ။ ကုန်အောင်စားပါ"

"အောင်မယ်လေး ခုတောင် အင်းအင်းနဲ့ ဖြစ်နေပါပြီ ဦးကြီး"

"ကဲ . . . ဒါဖြင့်လည်း ထားလိုက်တော့၊ မင်းထင်းခွဲပေးတဲ့အတွက် ငါက အခပေးရမှာပေ့ါကွာ"

ယမမင်းကြီးက အမိန့်ပေးလိုက်ရာ တပည့်တစ်ယောက်သည် ပစ္စည်းနှစ်ခုကို ယူလာ၍ စားပွဲပေါ်လာတင်ပေးသည်။ သူတို့ဆီက လူတွေအားလုံးပင် ဦးချိုကြီးတွေနှင့်ဖြစ်ကြ၏။ ယမမင်းကြီးပင်လျှင် ရွှေရောင်ဦးချိုကြီးနှင့်ဖြစ်သည်။

မောင်ရိုးသားသည် စားပွဲပေါ်က ပစ္စည်းတွေကို ကြည့်လိုက်၏။

mgyoe.com

mgyoe.com

တစ်ခုမှာ ဝင်းဝါနေသော ရွှေတုံးကြီးဖြစ်၍ ကျန်တစ်ခုမှာ ဝါထိန်နေသော ဆပ်ပြာခဲကြီးဖြစ်သည်။

"ကဲ .. မင်းလိုချင်တာကိုယူကွာ"

"ဟာ .. ကျွန်တော်အလုပ်လုပ်ပေးရတာ နည်းနည်းပါးပါး ကလေးမို့ ဆပ်ပြာခဲကိုသာ ယူပါ့မယ်"

ယမမင်းကြီးသည် ပြုံးလိုက်သည်။

"အေး ..မင်းက လောဘမကြီးလို့ထူးဆန်းတဲ့ ဆပ်ပြာခဲကို ရတာပဲ"

ထို့နောက်ယမမင်းကြီးသည် ရေတစ်ခွက်ကို ယူကာ ဆပ်ပြာတုံးပေါ်သို့ ဖြည်းညင်းစွာလောင်းချသည်။

ဆပ်ပြာတုံးကို ရေထိသည်နှင့် တစ်ပြိုင်နက်လှပသော သက်တန့်ရောင်များဖြင့် ပူဖောင်းကြီးငယ်ကလေးများသည် သာယာသော တေးသံများနှင့်အတူ လေထဲတွင် ဝဲပျံပြည့်နှက်အောင် ထွက်ပေါ်လာကြသည်။ အလွန်မွှေးကြိုင်သော ရနံ့လည်းထွက်ပေါ်လာ၏။ ခဏအကြာတွင် ရောင်စုံပူဖောင်းကလေးများအဆက်မပြတ်ထွက်နေသည့်ကြားမှ လှပကြော့ရှင်းသော နတ်သမီးကလေးတစ်ယောက်သည် ပေါ်ထွက်ပြီး ကနေသည်။

တအောင့်ကြာမှ အားလုံးပျောက်ကွယ်သွား၏။

"မင်းအလိုရှိတိုင်း ဆပ်ပြာကို ရေလောင်းပေးနော်"

ယမမင်းကြီးသည် မောင်ရိုးသားအား ဆပ်ပြာခဲကိုပေး၍ ကျောက်မြင်းရုပ်အထိလိုက်ပို့သည်။

"ဟော့ ... မင်းလိုလူကောင်းကို မှားရောက်လာရင်တောင် ငရဲပြည်က လက်မခံဘူးကွနော်"

mgyoe.com

mgyoe.com


ယမမင်းကြီးက နှုတ်ဆက်အပြီးတွင် မောင်ရိုးသားသည် မြင်း၏ တင်ပါးကို ပုတ်လိုက်ရာ မြေကြီးကိုခွင်း၍ ကွင်းပြင်ဆီသို့ ပြန်ရောက်လာ၏။ သူ့အိမ်သို့ ပြန်ပြေးသောအခါတွင် ကျောက်မြင်းရုပ်မှာ ပျောက်ကွယ်သွားလေတော့သည်။

မောင်ရိုးသားနှင့် မိဘတို့သည် ဘုရင်ကြီးဆီသို့သွား၍ ထူးခြားသော ဆပ်ပြာတုံးကို လက်ဆောင်ဆက်သည်။

နန်းတော်ထဲတွင် ဆပ်ပြာတုံးကို ရေလောင်းလိုက်ရာလှပသော ရောင်စုံပူဖောင်းကလေးများ၊ မွှေးရနံ့များ၊ "လှည့်စားမရပါ. . ကံကြမ္မာ"ဟူသော ငြိမ့်ညောင်းသော တေးသံများနှင့်အတူ နတ်သမီးလေး ကပြသည်ကို အံ့ဩစွာတွေ့မြင်ကြရတော့သည်။ ဘုရင်ကြီးသည် အားရလှ၏။

"အေး . . သည်လိုမှပေါ့ကွ။ စောစောက အကောင်ကတော့ ဘယ့်နှယ်တွေလုပ်မှန်းမသိဘူး။ ငါတို့အားလုံး သဲခနဲ မဲခနဲတွေဖြစ်ကုန်ကြရတယ်"

ရှင်ဘုရင်ကြီးသည် မောင်ရိုးသားတို့ကို ဆုတော် လာဘ်တော်များပေးသနားတော်မူလိုက်လေ၏။

❑

mgyoe.com